ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်၊ အင်္ဂါနေ့၊ (23-5-2006) (၄၉၆၆)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း အီတလီ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

ရန်ကုန် မေ ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် – နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ အီတလီသမ္မတနိုင်ငံ ဝန်ကြီးချုပ်အဖြစ် ၂၀၀၆ ခုနှစ် မေ ၁၇ ရက်တွင် စတင်တာဝန်ထမ်းဆောင်သည့် မစ္စတာ ရိုမာနို ပရိုဒီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

နှစ်စဉ်သင်းလုံးကျွတ်အစည်းအဝေးကြီးများက ရှေ့လုပ်ငန်းစဉ်များချမှတ်ပြီး အစီအစဉ်တကျ အကောင်အထည်ဖော်နေ အသင်းကြီး၏ ရှေ့လုပ်ငန်းစဉ်များသည် ပြည်သူများ၏အကျိုး၊ နိုင်ငံတော်၏အကျိုးကို ရှေးရှုရည်မှန်းထား အသင်းကြီးအနေဖြင့် အကျိုးပြုလုပ်ငန်းများလုပ်တိုင်း နယ်မြေလူထုကို ရှေ့လုပ်ငန်းစဉ်နှင့် ဆက်စပ်ရှင်းပြဖို့လို

ရန်ကုန် မေ ၂၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ အဆင့်မြင့်စီမံခန့်ခွဲရေး(အထူး) သင်တန်းအမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻



ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ အဆင့်မြင့် စီမံခန့်ခွဲရေး(အထူး) သင်တန်း အမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရေးမြို့၏ မိုးရေချိန်စံချိန်သစ်

ရန်ကုန် မေ ၂၂

၂၀၀၆ ခုနှစ် မေလ ၂၂ ရက်နေ့ နံနက် မြန်မာစံတော်ချိန် ၉း၃၀ နာရီအချိန်တွင် ရေးမြို့၌ တိုင်းထွာရရှိခဲ့သော မိုးရေချိန် ၃၈၂ မီလီမီတာ (၁၅ ဒသမ ၀၄)လက်မသည် ယင်းမြို့၏ လွန်ခဲ့သော နှစ်ပေါင်း ၄၂ နှစ်အတွင်း မေလအတွက် အများဆုံး တိုင်းထွာရရှိခဲ့သော ၂၄ နာရီ မိုးရေချိန် စံချိန်သစ်ဖြစ်သည်။ ယခင်စံချိန်ဟောင်းမှာ ၂၂၅ မီလီမီတာ (၈ ဒသမ ၈၆)လက်မဖြစ်ပြီး ၁၉၈၀ ပြည့်နှစ် မေလ ၂၃ ရက်နေ့တွင် ရွာသွန်းခဲ့ခြင်း ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက ထုတ်ပြန်သည်။

ကြေးမုံ The Mirror အင်တာနက်သတင်း

မလေးရှားနိုင်ငံ၏ ပထမဆုံး အာကာသခရီးသည်အဖြစ် လေ့ကျင့်ပေးရန် ပဏာမ ရွေးချယ်ခံထားရသူ လေးဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

မလေးရှားနိုင်ငံ၏ ပထမဆုံး အာကာသခရီးသည် ရွေးချယ်မည်

ကွာလာလမ်ပူ မေ ၂၂

မလေးရှားနိုင်ငံတွင် ပထမဆုံးအကြိမ် အာကာသခရီးသည် တစ်ဦးကို ရွေးချယ်တော့မည်ဖြစ်ကြောင်း၊ အာကာသခရီးသည် အဖြစ် ပုဂ္ဂိုလ်တစ်ဦးကို အပြီးသတ်မရွေးချယ်မီ ပဏာမ ရွေးချယ်ခံထားရသူ လေးဦးမှာ သွားဆရာဝန်တစ်ဦး၊ အရိုးရောဂါကုခွဲစိတ် ဆရာဝန်တစ်ဦး၊ လေယာဉ်မှူးတစ်ဦးနှင့် အင်ဂျင်နီယာတစ်ဦးတို့ဖြစ်ကြောင်း မေ ၂၂ ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

မလေးရှားလူမျိုးတစ်ဦးကို ရုရှား အာကာသဒုံးပျံယာဉ်ဖြင့် လိုက်ပါခွင့်ပြုရန် ရုရှားနိုင်ငံက သဘောတူညီထားသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❁

နိုင်ငံတော် ပွဲစည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၃-၅-၂၀၀၆ (အင်္ဂါနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရေနံနှင့်သဘာဝဓာတ်ငွေ့ တိုးတက်ထုတ်လုပ်နိုင်ရေး တွင်းဟောင်းများပြုပြင်၊ တွင်းသစ်များဆက်လက်တူးဖော်

နိုင်ငံ၏ အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် သဘာဝ သယံဇာတ အရင်းအမြစ်များကို ရှာဖွေထုတ်လုပ်နေမှုများတွင် ရေနံနှင့် သဘာဝ ဓာတ်ငွေ့သည် တစ်ခုအပါအဝင်ဖြစ်သည်။ စွမ်းအင်ဝန်ကြီးဌာနက ပြည်တွင်း၌ စွမ်းအင်ပြည့်ဝ ဖူလုံစေရန် ရေနံနှင့်သဘာဝဓာတ်ငွေ့ များကို ကုန်းတွင်းပိုင်းနှင့် ကမ်းလွန်ဒေသတွင်ပါ တိုးချဲ့ရှာဖွေထုတ်လုပ် နေသည်။

ကမ်းလွန်ရေနံရှာဖွေရေးလုပ်ငန်းများကို ပြည်ပကုမ္ပဏီများနှင့် ပူးပေါင်းလုပ်ကိုင်လျက်ရှိသည်။ ရခိုင်ကမ်းလွန်ဒေသ လုပ်ကွက် များ၌ စမ်းသပ်တူးဖော်တွေ့ရှိချက်အရ စီးပွားဖြစ်သဘာဝဓာတ်ငွေ့ သိုက်များ တူးဖော်ရရှိရန် အလားအလာ ကောင်းမွန်နေသည်။

တနင်္သာရီကမ်းလွန်ဒေသရှိ ရဲတံခွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ မြေတွင် ထုတ်လုပ်ရေးလုပ်ကွက်ဟောင်းများနှင့် ဆက်လက် တူးဖော် အောင်မြင်နေသည့် လုပ်ကွက်သစ်များမှ သဘာဝဓာတ်ငွေ့များ နေ့စဉ် တိုးတက်ထုတ်လုပ်လျက်ရှိသည်။

ကုန်းတွင်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေများ၌လည်း တွင်းသစ် များ တိုးချဲ့ရှာဖွေရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် လုပ်ကိုင်လျက် ရှိသည်။ ဧရာဝတီတိုင်း၌ ညောင်တုန်းရေနံနှင့် သဘာဝဓာတ်ငွေ့ မြေမှာ တူးဖော်ထုတ်လုပ်မှု အလားအလာ ကောင်းမွန်လျက်ရှိသည်။ ညောင်တုန်း ဘူမိအနေအထားနှင့် ဆက်စပ်နေသည့် မအူပင်၊ ပန်းတနော်၊ ညောင်တုန်း(အလယ်) ဒေသများတွင်လည်း တွင်းသစ်များ ရှာဖွေတူးဖော်လျက်ရှိသည်။

ညောင်တုန်း ရေနံနှင့် သဘာဝဓာတ်ငွေ့မြေရှိ တွင်းသစ် အမှတ်(၂၁)၊ အမှတ်(၂၄)နှင့် အမှတ်(၃၂)တို့မှ သဘာဝဓာတ်ငွေ့ နှင့် လေဆီများ ထုတ်လုပ်လျက်ရှိသည်။ တွင်းသစ်အမှတ်(၂၁)မှ သဘာဝဓာတ်ငွေ့ ကုဗပေ ၆ ဒသမ ၉၇၄ သန်း၊ တွင်းသစ် အမှတ် (၂၄)မှ သဘာဝဓာတ်ငွေ့ ကုဗပေ ၅ ဒသမ ၂၀၈ သန်း၊ တွင်းသစ် အမှတ်(၃၂)မှ သဘာဝဓာတ်ငွေ့ ကုဗပေ ၃ ဒသမ ၅ သန်းနှင့် လေဆီစည် ၂၀ ခန့်တို့ကို နေ့စဉ်ထုတ်ပေးနေကြောင်း သိရသည်။

အလားတူ မကွေးတိုင်း ပေါက်မြို့နယ်ရှိ သာကြီးတောင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့မြေတွင် တွင်းသစ်အမှတ် (၄၄) ကို တူးဖော်လျက်ရှိသည်။ မကွေးတိုင်းရှိ သာကြီးတောင်နှင့် စပယ် ရေနံမြေမှ ရေနံစိမ်းစည်ပေါင်း ၃၆၀ ကျော်နှင့် သဘာဝဓာတ်ငွေ့ ကုဗပေ ၁၉ သန်းကို နေ့စဉ်ထုတ်လုပ်နေပြီဖြစ်သည်။

ထို့အတူ မကွေးတိုင်း မြိုင်မြို့နယ်ရှိ ကျောက်ခွက်/လက်ပံတို ရေနံနှင့် သဘာဝဓာတ်ငွေ့မြေတွင်လည်း တွင်းအမှတ် (၆၇)၊ တွင်း အမှတ်(၃၃)တို့ကို စမ်းသပ်တူးဖော်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ ရေနံနှင့် သဘာဝဓာတ်ငွေ့မြေမှ ရေနံစိမ်းစည်ပေါင်း ၈၃၀ နှင့် သဘာဝဓာတ်ငွေ့ကုဗပေ ရှစ်သန်းတို့ကို နေ့စဉ်ထုတ်လုပ်ပေးလျက် ရှိသည်။

မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ ဖြစ်ထွန်းတည်ရှိနေမှု အလားအလာများကို အခြေခံပြီး တွင်းဟောင်းများကို ပြုပြင်၊ တွင်းသစ်များကို ဆက်လက်ရှာဖွေတူးဖော်ခြင်းဖြင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့များပိုမို တိုးတက်ထုတ်လုပ်နိုင်မည့် အလားအလာ ကောင်းများကို တွေ့မြင်နေရပါသည်။ ။

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ရန်ကုန်တိုင်းအဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲ ကျင်းပ

ရန်ကုန် မေ ၂၂

ရန်ကုန်တိုင်း မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၀၆ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် တိုင်းအဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲကို ယနေ့နံနက် ၉နာရီတွင် လှိုင်မြို့နယ် ပါရမီလမ်းရှိ ကွန်ပျူတာ တက္ကသိုလ်၌ ကျင်းပရာ ရန်ကုန်တိုင်း မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း တက်ရောက်အားပေးချီးမြှင့်သည်။

ကြည့်ရှုအားပေး

ရှေးဦးစွာ ရန်ကုန်တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် အဖွဲ့သည် ရန်ကုန်တိုင်း အတွင်းရှိ အခြေခံ ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများက ၂၀၀၆ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ကွန်ပျူတာ ပန်းချီပြိုင်ပွဲဝင်နေမှု အခြေအနေများကို ကြည့်ရှုအားပေးရာ ကွန်ပျူတာ တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာနီလာသိန်းနှင့် တာဝန်ရှိသူများက ကွန်ပျူတာပန်းချီပြိုင်ပွဲနှင့်ပတ်သက်၍ လိုက်လံ ရှင်းလင်းပြသသည်။

၃၀ ပါဝင်ယှဉ်ပြိုင်

ယနေ့ကျင်းပသည့် ၂၀၀၆ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ရန်ကုန်တိုင်းအဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲတွင်ရန်ကုန်တိုင်းအတွင်းရှိအခြေခံ ပညာကျောင်းများမှ အထက်တန်း အဆင့်နှင့် အလယ်တန်း အဆင့်ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၃၀ ပါဝင်ယှဉ်ပြိုင်ကြသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါး များအန္တရာယ် တားဆီးကာကွယ်ရေး အဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း ၂၀၀၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ် ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် တိုင်းအဆင့် ကွန်ပျူ တာ ပန်းချီပြိုင်ပွဲတွင် ကြည့်ရှုအားပေး စဉ်။ (သတင်းစဉ်)

ဆေးကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးပွဲ

ရန်ကုန် မေ ၂၂

(၅၃)ကြိမ်မြောက် ဆရာဝန်ညီလာခံ ဖြစ်မြောက်ရေးကော်မတီသည် ဆေးနှင့် ဆေးပစ္စည်း ကိုယ်စားလှယ်များအား မေ ၂၇ရက် မွန်းလွဲ ၁နာရီတွင် အမှတ် (၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း အဆောက်အအုံ(အပေါ်ဆုံးထပ်)၌ တွေ့ဆုံဆွေးနွေးမည်ဖြစ်၍ ဆေးကိုယ်စားလှယ်များအားလုံး တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

(သတင်းစဉ်)

လသာမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဓနုဖြူမြို့နယ် ပြန်/ဆက်သို့ စာအုပ်များလှူဒါန်း

ရန်ကုန် မေ ၂၂

လသာမြို့နယ် စာပေနှင့်စာနယ်ဇင်း အဖွဲ့ဥက္ကဋ္ဌ ဦးညွန့်တင် (သီဟ ညွန့်တင်-လသာ)၊ အတွင်းရေးမှူး ဦးအောင်မော်(မောင်ယဉ်ထိုက်)၊ ဘဏ္ဍာ ရေးမှူး ဦးသန်းဦး(ဒီဒီးနီကွန်)နှင့် လသာ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ အတွင်း ရေးမှူး ဒေါ်အေးနွဲ့နှင့် အဖွဲ့ဝင်များသည် ဓနုဖြူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနသို့ မေ ၁၁ ရက် မွန်းတည့် ၁၂ နာရီတွင် ရောက်ရှိကြ သည်။

ထို့နောက် ဓနုဖြူမြို့နယ် ပြန်/ဆက် ဦးစီးဌာနသို့ လသာမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်တင် (သီဟညွန့်တင်-လသာ)က မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ကိုယ်စား စာအုပ်၊ မဂ္ဂဇင်းနှင့် ဂျာနယ်များကို ပေးအပ်လှူဒါန်းရာ မြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဝင်းမြင့်က လက်ခံရယူသည်။

(ဝဲပုံ)

ထို့နောက် ဓနုဖြူမြို့ရှိ တန်ခိုးကြီး ဘုရားများကို ဖူးမြော်ပြီး အလှူငွေ များ ပေးအပ်လှူဒါန်းကာ ဇလွန်မြို့ ပြည်တော်ပြန်ဘုရား ဂေါပကအဖွဲ့ရုံး သို့ အလှူငွေကျပ်နှစ်သောင်းနှင့် စာအုပ် စာတမ်းများ ပေးအပ်လှူဒါန်းခဲ့သည်။

(စာပေ/စာနယ်ဇင်း)

ပညာရေးဝန်ကြီးဌာန ကျောင်းအပ်နှံရေးသီတင်းပတ် မေလ ၂၅ရက်မှ ၃၁ရက်အထိ

မိဘဆရာ ကျောင်းသား ပညာ

ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး

အငြိမ်းစားတို့ စကားဝိုင်း(၁၅)

ဟင်္သာန်းမြင့်

ကျွန်တော်တို့ အငြိမ်းစားတစ်သိုက် နေ့လယ်စာ စားအပြီး ၂၀၀၆ ခုနှစ် သတင်းစာရှင်းလင်းပွဲနှင့် ဆက်စပ်သည့် အကြောင်းအရာများကို ဆက်လက်၍ စကားဝိုင်းဖွဲ့ဆိုကြပြန်ပါသည်။

"NDD သိန်းဝင်းရဲ့ အမာခံယူဂျီတွေထဲမှာ အရေးအခင်းအပြီးမှာ NLD ပါတီကိုဝင်ပြီး စည်းရုံးရေးကော်မတီဝင်၊ ဗဟိုလူမှုအထောက်အကူပြု အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သူ သာကေတမြို့နယ်က ဦးအောင်သိန်းနဲ့ အုတ်တွင်းမြို့နယ် NLD ဦးခင်မောင်ဝင်းတို့ ပါတာ တွေ့ရတယ်"

"ဟုတ်တယ်၊ သူတို့နှစ်ယောက် အပါအဝင် ယူဂျီများဖြစ်ကြတဲ့ ဖြူးမြို့က ဆရာရဲ(ခ)သန်းဦး၊ ဖြူးမြို့ ဇာတိ ခိုင်မာစိုး၊ တာမွေက ယုန္တတ်(ခ)အောင်ချိုဦးနဲ့ ၂၈-၃-၂၀၀၆ ရက်နေ့က ထပ်မံဖမ်းဆီးရမိခဲ့တဲ့ ဦးအောင်မိုးတို့ရဲ့ ထွက်ဆိုချက်တွေအရရော၊ သူတို့ကိုယ်တိုင် သတင်းထောက်တွေရဲ့ အမေးကိုပြန်လည် ဖြေကြားချက်အရရောဆိုရင် NLD ပါတီဝင်တွေ၊ ဝါရင့်ပုဂ္ဂိုလ်ဆိုသူတွေ၊ ပြည်ပရောက်အကြမ်းဖက် အဖျက်သမားပြည်ပြေးတွေနဲ့ သောင်းကျန်းသူတွေ ဆက်စပ်၊ ပတ်သက်၊ ယှက်နွယ်နေတယ်ဆိုတာ ပေါ်လွင်လာတယ်"

"အေးလေ၊ ဒါကြောင့်လဲ ပြန်ကြားရေးဝန်ကြီးက ၂၆-၄-၂၀၀၆ ရက်နေ့က ပြုလုပ်ခဲ့တဲ့ သတင်းစာ ရှင်းလင်းပွဲမှာ NLDကို မတရားသင်းကြေညာဖို့ ခိုင်လုံတဲ့ အချက်အလက်တွေ ရှိထားပြီးသားလို့ ပြောသွားတာပေါ့"

"ပြည်ထဲရေးဝန်ကြီးဌာနကလည်း ၂၀၀၆ ခုနှစ် ဧပြီလ ၁၂ ရက်နေ့စွဲနဲ့ ကြေညာချက်အမှတ်(၁/၂၀၀၆) ကို ထုတ်ပြန်ပြီး စိန်ဝင်းဦးစီးတဲ့ NCGUB ၊ လှဦးနဲ့ ပြည်သစ်ညွန့်ဝေတို့ဦးစီးတဲ့ FTUB၊ သံခဲဦးစီးတဲ့ ABSDF၊ ဝင်းခက်ဦးစီးတဲ့ NLD(LA) အဖွဲ့အစည်းတွေနဲ့ အဖွဲ့ဝင်အားလုံးကို အကြမ်းဖက်သူတွေဖြစ်ကြောင်း ကြေညာလိုက်တာ တွေ့ရတယ်"

"အဲဒီကြေညာချက်ထဲမှာ ရက်စက်ယုတ်မာစွာ ဖောက်ခွဲဖျက်ဆီးခံရတဲ့ ဖြစ်စဉ်အချို့၊ ဖော်ထုတ်တားဆီး ကာကွယ်လိုက်နိုင်တဲ့ ဖြစ်စဉ်အချို့၊ ပြည်သူလူထုအတွင်းမှာ အကြမ်းဖက်ဆူပူမှုတွေ ထပ်မံဖြစ်ပေါ်လာဖို့ ရည်ရွယ်ပြီး လုပ်ဆောင်ခဲ့တဲ့ အဖျက်အမှောင့်လုပ်ရပ်အချို့ကိုပါ သက်သေအထောက်အထားတွေနဲ့ ဖော်ပြထားတာ တွေ့ရတယ်"

"သတင်းစာရှင်းလင်းပွဲအရရော၊ အကြမ်းဖက်သူများအဖြစ် ကြေညာချက်အရရော အနှစ်ထုတ်လိုက်မယ်ဆိုရင်––– အာဏာကို ဖြတ်လမ်းက ရယူလိုချင်သူတွေနဲ့ အကြမ်းဖက်အဖျက်သမားတွေက မြေပေါ်၊ မြေအောက်၊ ပြည်ပြေးသုံးဖက်သုံးတန်ကနေပြီး တပ်မတော်အစိုးရကို ဘေးကျပ်နံကျပ်ဖြစ်အောင်နဲ့ သိက္ခာချလိုတဲ့ ရည်ရွယ်ချက်တွေနဲ့ အပြစ်မဲ့ပြည်သူတွေအပေါ် ပစ်မှတ်ထားပြီး အကြမ်းဖက်ဖောက်ခွဲသတ်ဖြတ်မှုတွေကို လက်ရဲဇက်ရဲ ကျူးလွန်လုပ်ဆောင်ခဲ့တယ်။ ဆက်လက်ဆောင်ရွက်ဖို့လဲ အမျိုးမျိုးကြံစည်အားထုတ် ကြိုးပမ်းလုပ်ဆောင်နေတယ်။ တိုင်းဆူပြည်ဖျက်ဖို့ အဖျက်အမှောင့်လုပ်ရပ်တွေကိုလည်း ဖန်တီးလုပ်ကြံဇာတ်လမ်းတွေနဲ့တစ်မျိုး၊ ပုံကြီးချဲ့ကားလို့တစ်ဖုံ၊ အမျိုးမျိုးသောနည်းလမ်းမျိုးစုံနဲ့ ပြည်တွင်းမှာ မတည်မငြိမ်ဖြစ်အောင် လှုံ့ဆော်နေသလို ပြည်ပနိုင်ငံကြီးများက ပိတ်ဆို့ဟန့်တားဖိအားပေးအောင် လုပ်ဆောင်နေတာ တွေ့ရတယ်"

"ဟုတ်ပါ့၊ အမျိုးသားရေးအကျိုးစီးပွားကို လုံးဝဆိုလုံးဝ ပစ်ပယ်ထားပြီး သူတို့ပါတီအာဏာရဖို့၊ သူတို့တစ်တွေ နေရာရဖို့အတွက် ပြည်သူတွေ ဘယ်လောက်ပဲသေသေ၊ ဘယ်လောက်ပဲ ကျပ်တည်းဒုက္ခရောက်ပါစေ၊ မျက်ဖြူဆိုက်လေ ဆရာကြိုက်လေ သဘောမျိုးနဲ့ မိုက်ဇာတ်ခင်းနေကြတာပဲ"

"သမိုင်းကြောင်းတစ်လျှောက်လုံး ပြန်ကြည့်ရင် မင်းသားကြီးမလုပ်ရလို့ ပတ်မကြီးကို ထိုးဖောက်ပစ်မယ် ဆိုတဲ့သူတွေ၊ အာဏာကို သူရကိုယ်ရလုတဲ့သူတွေ၊ ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုတဲ့သူတွေ ခေတ်အဆက်ဆက်မှာရှိနေပြီး ကွဲကြပြဲကြနဲ့ နောက်ဆုံး နိုင်ငံနဲ့ ပြည်သူတွေပဲ ဒုက္ခရောက်ခဲ့ကြတာပဲ မဟုတ်လား"

"လက်ရှိပကတိဖြစ်ပေါ်နေတဲ့ ကမ္ဘာ့အခြေအနေ၊ မြန်မာနိုင်ငံရဲ့ အခြေအနေတွေကို အမှန်အတိုင်းမြင်အောင် လေ့လာသုံးသပ်ပြီး ကိုယ့်အကျိုး၊ ကိုယ့်ပါတီအကျိုးထက် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်လာအောင် ဘယ်လိုဝိုင်းဝန်းလုပ်ဆောင်မယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ အားလုံး နိုင်ငံနဲ့လူမျိုးအကျိုးအတွက် စေတနာထားလုပ်ဆောင်ကြဖို့လိုပါပြီ"

"တပ်မတော်အစိုးရလက်ထက်မှာ နိုင်ငံတော် မဖွံ့ဖြိုးမတိုးတက်အောင်ဆိုတဲ့ ကျဉ်းမြောင်းလွန်းတဲ့ အတွေးအခေါ်၊ လူသားမဆန်တဲ့ အမြင်တွေနဲ့ အခုအတိုင်းအကြမ်းဖက်အဖျက်အမှောင့်လုပ်ငန်းတွေကို ဆက်လက်လုပ်ဆောင်နေကြမယ်ဆိုရင် အဲဒီအကုသိုလ်ကံတွေရဲ့ တန်ပြန်အကျိုးသက်ရောက်မှုတွေက အခုလက်ရှိဘဝမှာတင်မကဘူး နောင်သံသရာမှာပါ ခံကြရလိမ့်မယ်ဆိုတာ သတိမူဆင်ခြင်သင့်ပါပြီ။ အနည်းဆုံး မကူညီချင်နေ မနှောင့်ယှက်ကြဘူးဆိုရင် ငါတို့အားလုံး လိုချင်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအဖြစ် မြန်မြန်ဆန်ဆန် ရောက်ရှိသွားနိုင်မှာဖြစ်သလို နိုင်ငံတော်လည်း ဖွံ့ဖြိုးတိုးတက်လာမှာမလွဲဘူး"

"အီရတ်နိုင်ငံမှာ ဆက်ဒမ်ဟူစိန်လက်ထက်က အခြေအနေနဲ့ အခု အမေရိကန်က ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်ပြီး သူ့အလိုကျ ဒီမိုကရေစီနိုင်ငံတော်အဖြစ်တည်ထောင်နေတယ်ဆိုတဲ့ အခြေအနေတွေကို နှိုင်းယှဉ်ကြည့်ရင် အခုလက်ရှိ အခြေအနေတွေက အဆပေါင်းများစွာ သာလွန်ဆိုးရွားနေတာကို လူတိုင်းအလွယ်တကူ မြင်နိုင်ပါတယ်။ သင်ခန်းစာယူကြဖို့ကောင်းပါတယ်"

"ငါ့အမြင်ကတော့ နိုင်ငံသားအားလုံး ပြည်သူတွေဘေးဒုက္ခမရောက်အောင်၊ နိုင်ငံတော်ကြီးမပြိုကွဲမပျက်စီးအောင် လုပ်ကြဖို့လိုမယ်၊ အမြင်အမျိုးမျိုး၊ အယူအဆအမျိုးမျိုး၊ နည်းလမ်းအမျိုးမျိုး ဘယ်လိုပဲ ကွဲပြားခြားနားပါစေ နိုင်ငံတော်မဖွံ့ဖြိုးမတိုးတက်ရင်၊ ပြည်သူတွေဘေးကျပ်နံကျပ်နဲ့၊ ဒုက္ခဆင်းရဲနဲ့ ရင်ဆိုင်တွေ့ကြုံနေရရင် ဒီမိုကရေစီစနစ်ကို ခိုင်ခိုင်မာမာ ဘယ်တော့မှ မတည်ဆောက်နိုင်ဘူးလို့ ဆိုချင်တယ်။ နိုင်ငံတော်ကြီးအေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်နေမှ၊ နိုင်ငံသားများအားလုံး အသိပညာမြင့်မားနေမှ၊ ဒီမိုကရေစီစနစ်လည်း ပီပီပြင်ပြင်နဲ့ ဖြစ်တည်လာပြီး ခိုင်ခိုင်မာမာနဲ့ တည်တံ့နေမှာဖြစ်တယ်"

"တချို့ကလည်း 'အနာခံမှအသာစံရတယ်' ဆိုပြီး ပြည်သူတွေ အခုလောလောဆယ် အနာခံကြ၊ ဘေးဒုက္ခတွေနဲ့ တွေ့ကြုံကြ၊ ငါတို့အစိုးရတက်မှ နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်အောင်၊ သာယာဝပြောအောင် လုပ်ပေးမယ်ဆိုတဲ့ အယူအဆလွဲမှားမှုကို လက်ကိုင်ပြုပြီး တပ်မတော်အစိုးရလက်ထက် နိုင်ငံတော်ဖွံ့ဖြိုးဖို့ တည်ဆောက်နေတာမှန်သမျှ မအောင်မြင်ရအောင်ပြည်ပကပိတ်ဆို့ဟန့်တားဖိအားပေးမှုတွေကိုလုပ်စေတာ၊ ပြည်တွင်းမငြိမ်မသက်ဖြစ်အောင် အဖျက်အမှောင့်လုပ်ငန်းတွေကို လုပ်ဆောင်နေကြတာတွေမှန်ပါရဲ့လားဆိုတာ သုံးသပ်ကြည့်ကြဖို့လိုပြီ။ အခုဆိုရင်နှစ်ပေါင်းဆယ်စုနှစ် နှစ်စုတောင်ပြည့်ဖို့နီးလာနေပြီ။ အကျိုးသက်ရောက်မှုဘာများ ရရှိခဲ့သလဲဆိုတာ သုံးသပ်ကြည့်ဖို့လိုနေပါပြီ"

"ပြည်တွင်းအားကို အခြေမခံ၊ ပြည်ပအားကိုးပြီးလုပ်နေတာ ဘယ်မှာအောင်မြင်နိုင်မလဲ။ သူတို့လုပ်ဆောင်နေမှုကြောင့် ဒို့နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အတိုင်းအတာတစ်ခုအထိ ထိခိုက်နစ်နာသွားတာ၊ အထည်ချုပ်စက်ရုံတွေပိတ်လိုက်ရလို့ ပြည်သူတွေအထူးသဖြင့် အမျိုးသမီးတွေ အများအပြားအလုပ်လက်မဲ့ဖြစ်သွားပြီး ဘဝနာခဲ့ကြတာ၊ လူမှုရေးအကူအညီတွေမှာ နိုင်ငံရေးရောယှက်ပါလာလို့ ပိတ်ပင်တားဆီးခံရတာ၊ ရပ်သိမ်းသွားတာတွေဟာ နိုင်ငံတော်နဲ့ ပြည်သူတွေအတွက် ရေတိုမှာရော ရေရှည်မှာပါ အတိုင်းအတာတစ်ခုအထိ ထိခိုက်နစ်နာမှုဖြစ်စေခဲ့တာပဲ အဖတ်တင်ပါတယ်"

"ရန်ကုန်မြို့ လူစည်ကားရာနေရာသုံးခုမှာ ဗုံးခွဲလုပ်ကြံခဲ့လို့ အပြစ်မဲ့ပြည်သူ ၂၃ ဦး သေဆုံးခဲ့ရပြီး ၁၅၀ ဒဏ်ရာရခဲ့တာမှာ သူတို့အတွက် ဘာအကျိုးများရခဲ့သလဲ။ ဒီလိုပဲ ရထားလမ်းမှာ လူအများအပြား သေကျေဒဏ်ရာရအောင် မိုင်းခွဲပြီး လက်နက်ကြီးနဲ့ပစ်ဖို့ကြံစည်တဲ့ ကိစ္စမှာရော ဘာအကျိုးများရနိုင်မှာလဲ။ အစိုးရကိုသိက္ခာချနိုင်မှာလား၊ တိုင်းပြည်မငြိမ်မသက် ဖြစ်နေပါတယ်လို့ သက်သေထူနိုင်မှာလား၊ သေသေချာချာ စဉ်းစားဖို့ကောင်းပါတယ်။ ရန်ကုန် ဗုံးကွဲခဲ့တဲ့နေရာတွေမှာ အခုပြန်လည်ပြီး ဈေးဝယ်သူတွေ ဥဒဟိုနဲ့လူစည်ကားနေတာပါပဲ။ ဟိုအရင်အစိုးရတွေ လက်ထက်မှာ ရထားလမ်းမိုင်းခွဲအတိုက်ခံရတဲ့ဖြစ်စဉ်တွေ ဖြစ်ပွားခဲ့ပေမယ့် ရက်ပိုင်းအတွင်းမှာပဲ ရထားလမ်းပြန်ပြင်ပြီး ခရီးသွားပြည်သူတွေ သွားမြဲသွားနေလျက်ပါပဲ"

"လုပ်ကြံဖန်တီးဇာတ်လမ်းတွေနဲ့ တွန်းပို့ခဲ့လို့ ၈၈ခုနှစ်အရေးအခင်းမှာ မင်းမဲ့စရိုက်တွေပါ ဖြစ်ပေါ်ခဲ့တာ ဒို့အားလုံးမမေ့သင့်ဘူး။ သူတို့တစ်တွေ ဒီလိုလုပ်တတ်မှန်းသိသိကြီးနဲ့ ပြည်သူအချို့ နားယောင်သွားမိကြတာမျိုးလဲ အခုထက်ထိရှိတုန်းပဲလေ။ ဒို့ပြည်သူအားလုံး သတိထားကြရမှာ ဖြစ်သလို တာဝန်ရှိသူများကလည်း မကြာခဏရှင်းလင်းပြသင့်ပါတယ်"။

"ငါတို့အားလုံးထဲမှာ မင်းကတပ်မတော်သား အငြိမ်းစားဆိုတော့ တပ်မတော်ရဲ့ လုပ်ဆောင်တတ်မှုတွေကို ရှင်းပြပါဦး"

"တပ်မတော်ဆိုတာ စည်းကမ်းစနစ်တကျနဲ့ ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းပဲ၊ စည်းကမ်းကို ကျောရိုးမဏ္ဍိုင်ပြုပြီး နိုင်ငံတော်၊ နိုင်ငံသားတို့အတွက် အသက်စွန့်လွှတ်ဖို့ အဓိဋ္ဌာန်ပြုသစ္စာဆိုပြီး ကိုယ်ကျိုးကိုမငဲ့ကွက်ဘဲ တာဝန်ကိုထမ်းဆောင်နေတဲ့ အစဉ်အလာကောင်းတဲ့တပ်မတော်ဖြစ်တယ်ဆိုတာအားလုံးအသိပဲ။

"အထက်အဆင့်ဆင့်က ပေးတဲ့အမိန့်ကို တိကျစွာလိုက်နာလုပ်ဆောင်ကြရတာ တပ်မတော်ရဲ့ သဘောသဘာဝတစ်ခုပဲ။ ရည်မှန်းချက်တာဝန်ပေးရင် ဘာတွေဘယ်လောက်ပဲ နှောင့်ယှက်ကာဆီး ဟန့်တားနေပါစေ အဲဒီရည်မှန်းချက်ကို အောင်မြင်အောင် စိတ်ဓာတ်ခွဲသတ္တိ အရင်းခံပြီး စွန့်လွှတ်စွန့်စားမှုနဲ့ အသက်ကိုတောင် ပဓာနမထားဘဲ အောင်မြင်ပြီးမြောက်သည်အထိ တာဝန်ထမ်းဆောင်ကြရစမြဲပဲ"

"အခုလဲ ဘယ်ပါတီ၊ ဘယ်သူ တစ်ဦးတစ်ယောက်မှနိုင်ငံတော် တည်ငြိမ်အောင် မထိန်းသိမ်းနိုင်ခဲ့လို့ တပ်မတော်က သမိုင်းပေး တာဝန်တစ်ရပ်အနေနဲ့ နိုင်ငံတော်အာဏာကိုရယူပြီး နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်အောင်၊ ပြည်သူတွေလိုလားတဲ့ ဈေးကွက်စီးပွားရေးစနစ် ပေါ်ထွက်လာအောင်၊ ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာအောင် စနစ်တကျအကောင်အထည်ဖော်နေတာ အမြင်ပဲလေ"

"ဒို့တပ်မတော်မှာ ဘာပဲလုပ်လုပ် စနစ်တကျနဲ့ အကျိုးအများဆုံး၊ အပြစ်အနည်းဆုံးဖြစ်တဲ့ အကောင်း ဆုံးနည်းလမ်းကို ဖော်ထုတ်ရယူပြီးမှ စီမံချက်လုပ်ပြီး အကောင်အထည်ဖော်တာပါ။ အခုနိုင်ငံတော် တည်ဆောက်ရေးမှာလည်း **"အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်ရန်"** ဆိုတဲ့ ရည်မှန်းချက်ကို ချမှတ်ပြီး လက်ရှိအခြေအနေ အချိန်အခါနဲ့ ကိုက်ညီတဲ့ နည်းလမ်းတွေဖော်ထုတ်၊ အကောင်းဆုံးနည်းလမ်းကိုရွေးချယ်၊ စီမံချက်ချလို့ စနစ်တကျ အကောင်အထည်ဖော်နေတာ ဖြစ်တယ်ဆိုတာ ယုံမှားသံသယဖြစ်စရာ မလိုပါဘူး။ ဒါကြောင့်လဲ နိုင်ငံတော် ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ် (၇)ရပ် ထွက်ပေါ်လာပြီး အဲဒီမူဝါဒလမ်းစဉ်အတိုင်း အောင်မြင်အောင် မဖြစ်မနေ အကောင်အထည်ဖော် ဆောင်ရွက်သွားမှာပဲလို့ ယုံကြည်တယ်လေ။ ဘယ်လိုအနှောင့်အယှက် အဟန့်အတားနဲ့ပဲ တွေ့တွေ့ကြုံကြုံ တပ်မတော်သားတို့ရဲ့ သဘောသဘာဝအတိုင်း နိုင်ငံတော်နဲ့ နိုင်ငံသားတို့ရဲ့အကျိုးစီးပွားတစ်ခုကိုပဲကြည့်ပြီး အောင်မြင်အောင် မလွဲမသွေဖော်ဆောင်သွားမှာပဲ"

"ငါ့အမြင် ငါ့အယူအဆကို ပြောရမယ်ဆိုရင် NLD ပါတီကို တပ်မတော်က နှစ်ပေါင်းများစွာ လက်တွဲဖို့ ကမ်းလှမ်းခဲ့တာပဲလေ။ အမျိုးသားညီလာခံမှာ နိုင်ငံတစ်ဝန်းလုံးက တိုင်းရင်းသားလူမျိုးအားလုံးရဲ့ ကိုယ်စားလှယ်တွေ၊ လူထုလူတန်းစား အလွှာအသီးသီးက ကိုယ်စားလှယ်တွေ၊ ပါတီအသီးသီးက ကိုယ်စားလှယ်တွေ စတဲ့ ကိုယ်စားလှယ်တွေ ပြည့်ပြည့်စုံစုံနဲ့ ကျင်းပခဲ့တာပဲလေ။ အဲဒီကနေမှ NLD ပါတီက သူ့သဘောနဲ့သူ နုတ်ထွက်သွားခဲ့တယ်။ အမျိုးသားညီလာခံ ခေတ္တရပ်ဆိုင်းပြီး ပြန်လည်ကျင်းပတော့လည်း NLD ကို ထပ်မံဖိတ်ကြားခဲ့တာမှာ NLD က တောင်းဆိုချက်အားလုံး အပြည့်အဝမရလို့ဆိုပြီး မတက်ရောက်ခဲ့ပြန်ဘူးလေ"

"မောင် က အကြိမ်ကြိမ်အခါခါ ခေါ်ခဲ့ပေမယ့် မယ် က မလိုက်ပါခဲ့ဘူး။ အခု မောင် က အခြေအနေ အချိန်အခါနဲ့ လိုက်လျောညီထွေ ခရီးဆက်အကောင်အထည်ဖော်လို့ တော်တော်လေး ခရီးရောက်နေမှ မယ် က နောက်ကနေ လှမ်းခေါ်နေတဲ့ သဘောမျိုးဖြစ်နေတယ်။ အဲဒီတော့ တပ်မတော်ကတော့ သူချမှတ်ထားတဲ့ မူဝါဒလမ်းစဉ်အတိုင်းပဲ မဆုတ်မနစ်သောဇွဲလုံ့လ၊ ခိုင်မာသော သန္နိဋ္ဌာန်တို့နဲ့ အောင်မြင်ပြီးဆုံးသည်အထိ ခရီးဆက်နေမယ်လို့ မြင်တယ်။ နိုင်ငံနဲ့လူမျိုး အကျိုးအတွက် လုံးဝနောက်မတွန့်တော့ဘူးလို့ ထင်တယ်။ မောင် သွားရာ လမ်းကြောင်းအတိုင်း မယ် က လိုက်ပါပူးပေါင်းလုပ်မှပဲ ရနိုင်တော့မယ်လို့ မြင်တယ်။ နိုင်ငံနဲ့လူမျိုးအကျိုးစီးပွားအတွက် ကိုယ်နဲ့ကိုယ့်ပါတီ အကျိုးကို ခေတ္တချန်ထားပြီး လိုက်ပါပူးပေါင်း လုပ်ဆောင်သင့် တယ်လို့လဲ တိုက်တွန်းချင်ပါတယ်"

"အေးလေ ဘာပဲဖြစ်ဖြစ် နိုင်ငံတော်နဲ့ ပြည်သူတွေ အကျိုးအတွက် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ လုပ်ကြမယ်ဆိုရင် အကောင်းဆုံးပဲလေ။ တပ်မတော်ဆိုတာ နိုင်ငံရေးပါတီမှ မဟုတ်ဘဲ။ နိုင်ငံတော်တည်တံ့နေသရွေ့ တပ်မတော်ဆိုတာ အမျိုးသားအကျိုးစီးပွားအတွက် အမြဲရှိနေမှာပါ။ နိုင်ငံတော်၊ နိုင်ငံသားတို့ရဲ့ အကျိုးတစ်ခုကိုပဲ ဦးတည်လုပ်နေတဲ့ အစဉ်အလာရှိပြီးသား တပ်မတော်ဖြစ်တာမို့လည်း ပါတီနဲ့ အဖွဲ့အစည်းအသီးသီး၊ နိုင်ငံရေးသမား ပုဂ္ဂိုလ်အသီးသီးတို့က ပကတိအရှိကို အရှိအတိုင်း သုံးသပ်ရှုမြင်ပြီး တပ်မတော်နဲ့ လိုက်ပါလက်တွဲပူးပေါင်းဆောင်ရွက်ကြမယ်ဆိုရင် အကောင်းဆုံးပါပဲလို့ ဆိုချင်ပါတယ်"

ထိုသို့ စကားဝိုင်းဖွဲ့ ကောင်းနေစဉ်မှာပင် အိမ်သို့ပြန်ကြရန် အချိန်ကျရောက်နေပြီမို့ အငြိမ်းစားများ စကားဝိုင်းကို ရပ်ဆိုင်းကာ နှုတ်ဆက်လို့ ထွက်ခွာသွားကြပါသည်။ ကျွန်တော့်အတွေး၌မူကား သားရွှေအိုး ထမ်းလာသည့် စကားရပ်ပမာ စုစုစည်းစည်း၊ စည်းစည်းလုံးလုံးနှင့် အားလုံးပူးပေါင်းဆောင်ရွက်ကြမည်။ ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသားတို့၏ အကျိုးစီးပွား တစ်ခုတည်းကိုသာကြည့်ပြီး ဆောင်ရွက်နိုင်မည်ဆိုပါက **ကမ္ဘာတွင် မြန်မာဟေ့** လို့ ဂုဏ်ယူဝင့်ကြွားဖွယ်ရာ ဖွံ့ဖြိုးတိုးတက်လာတော့မယ့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို မြင်ယောင်နေမိပါတော့သည်။ ။

ဗြိတိသျှ စစ်စခန်းတိုက်ခိုက်ခံရ

ဘာဆာရာ(အီရတ်) မေ ၂၂

ပြောက်ကျားများဟု ယူဆရသူများက အီရတ်နိုင်ငံတောင်ပိုင်းရှိ ဗြိတိသျှ တပ်ဖွဲ့၏အခြေစိုက်စခန်းကို မော်တာဗုံးအလုံး ၃၀ မှ ၄၀ ခန့်အထိ တနင်္လာနေ့က ပစ်ခတ်ခဲ့သဖြင့် တပ်ဖွဲ့ဝင်လေးဦး ထိခိုက်ဒဏ်ရာရရှိကြောင်း ဗြိတိသျှစစ်ဘက်က ပြောကြားသည်။

ဘဂ္ဂဒက်မြို့တော် အရှေ့တောင်ဘက်မိုင် ၂၅၀ အကွာရှိ အမ်မာရာမြို့အနီးမှ အဘူနာဂျီ အခြေစိုက်စခန်းကို ၎င်းတို့က မိုးသောက်ယံမတိုင်မီက တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု ဗိုလ်ကြီးကယ်လီဂွတ်အောက ပြောကြားသည်။

ယင်းတိုက်ခိုက်မှုကြောင့် အခြေစိုက်စခန်းတွင် ထိခိုက်မှုမရှိဟု ၎င်းက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

နှစ်ဦးသေဆုံး

ဘာဆာရာမြို့တွင် လမ်းဘေးဗုံးပေါက်ကွဲခဲ့သဖြင့် စနေနေ့က ဗြိတိသျှ တပ်ဖွဲ့ဝင် နှစ်ဦးသေဆုံးခဲ့သည်။

ဗြိတိန်က တပ်ဖွဲ့ဝင်၁၀၀၀ ခန့်ကို အီရတ်သို့ စေလွှတ်ထားခဲ့ရာ အများစုသည် ရှီးယိုက်တို့နေထိုင်ရာ ဘာဆာရာမြို့တွင် အခြေစိုက်သည်။

အမ်အင်အေ၊ ရိုက်တာ။



ဗြိတိန်နိုင်ငံ ဘီအေအီးစစ္စတန်ကုမ္ပဏီက တည်ဆောက်ရန် ပုံစံထုတ်ထားသော မောင်းသူမဲ့ ထောက်လှမ်းရေး လေယာဉ်တစ်စင်းကို မေ ၂၀ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

တရုတ်(ထိုင်ပေ)သစ်သီးများ ပြည်မသို့ပိုမိုတင်ပို့

ပေကျင်း မေ ၂၂

တရုတ်(ထိုင်ပေ)သည် တရုတ်ပြည်မကြီးသို့ ယခုနှစ် ပထမလေးလတွင် အခွန်အကောက်ကင်းလွတ်ခွင့်ရသည့်အတွက် သစ်သီးတန်ချိန် ၁၁၅၀ ကျော်ကို တင်ပို့နိုင်ခဲ့သည်။ ယင်းပမာဏမှာ ၂၀၀၅ခုနှစ်နောက်ဆုံးငါးလတွင် တင်ပို့ခဲ့မှုပမာဏနှင့် တူညီကြောင်း အကောက်ခွန်ဌာနမှ ထုတ်ပြန်ချက်အရသိရှိရသည်။

ယမန်နှစ်က တရုတ်(ထိုင်ပေ)မှ တင်သွင်းသော သစ်သီးများပြားလာသည်ကို တရုတ်ပြည်မကြီးက သိရှိကြောင်း၊ အကောက်ခွန်ဌာနမှ တရုတ်(ထိုင်ပေ) သစ်သီးတင်သွင်းမှုကို အခွင့်အလမ်းတစ်ရပ်အဖြစ် အခွန်ကောက်ခံမည်မဟုတ်ဘဲကင်းလွတ်ခွင့်ပေးထားကြောင်း အကောက်ခွန်ဌာနမှ ညွှန်ကြားရေးမှူး ဂါအိုရှန်ကန်ကပြောကြားသည်။

တရုတ်ပြည်မကြီးသို့တရုတ်(ထိုင်ပေ)မှ သစ်သီးများကို တင်သွင်းရာတွင် ၂၀၀၅ခုနှစ် ဩဂုတ် ၁ရက်မှ ၂၀၀၆ခုနှစ် ဧပြီ ၃၀ရက်ကာလအတွင်းသစ်သီးတန်ချိန် ၂၃၁၀တန်တင်သွင်းခဲ့ကြောင်း၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၃သမ ၉ သန်းရှိပြီး အမေရိကန်ဒေါ်လာ ၄၈၈၀၀၀ ခန့် အခွန်ကင်းလွတ်ခဲ့ကြောင်းအကောက် ခွန်စာရင်းအင်းများ၌ ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကြက်ငှက်တုပ်ကွေး အန္တရာယ်ကျရောက်မှု အာရှနိုင်ငံများ၌ လျော့ပါးသွားပြီဟု ပြောကြား

ဗန်ကောက် မေ ၂၂

အဓိကအားဖြင့် အရှေ့တောင်အာရှ အပါအဝင် အာရှဒေသတွင် ကြက်ငှက်တုပ်ကွေးရောဂါ ခြိမ်းခြောက်မှုဘေး အန္တရာယ်မှာ လျော့ပါးသွားပြီဖြစ်ကြောင်း ကုလသမဂ္ဂ၏ တုပ်ကွေးကူးစက်ရောဂါဆိုင်ရာ ညှိနှိုင်းရေးမှူး ဒေါက်တာ ဒေးဗစ်နာဘာရိုက မေ ၂၀ရက်တွင် ပြောကြားသည်။

လူကို သေဆုံးစေနိုင်သည်အထိ အင်အား ပြင်းထန်သော ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ်ပိုးကို ထိုင်းနှင့် ဗီယက်နမ် နိုင်ငံတို့တွင် ထိန်းချုပ်နိုင်ရန် ကြိုးပမ်းခဲ့ရာ၌ အောင်မြင်မှုများရရှိခဲ့ကြောင်း ဒေါက်တာ နာဘာရိုက ပြောကြားသည်။

ဗီယက်နမ်နိုင်ငံသည် ကမ္ဘာပေါ်တွင် ကြက် ငှက်တုပ်ကွေးရောဂါခံစားရသူ ဦးရေ၏ ထက်ဝက်နီးပါး ရှိခဲ့သော နိုင်ငံ ဖြစ်သည်။ သို့ရာတွင် ယခုအခါ ဗီယက်နမ်နိုင်ငံ၌ မည်သူတစ်ဦး တစ်ယောက်မျှ ကြက်ငှက်တုပ်ကွေးရောဂါကို ခံစားနေရခြင်းမရှိကြောင်း၊ ယင်းနိုင်ငံရှိ မွေးမြူရေးခြံများတွင်လည်း ကြက်ငှက် တုပ်ကွေးရောဂါ ခံစားမှု အလျှင်းမရှိကြောင်း ဒေါက်တာနာဘာရို၏ပြောကြားချက်ကိုနယူးယောက်တိုင်းမ်စ် သတင်းစာက ရေးသားဖော်ပြသည်။

ကြက်ငှက်တုပ်ကွေးရောဂါအန္တရာယ်ကို ဒုတိယအများဆုံးခံစားခဲ့ရသည့် ထိုင်းနိုင်ငံတွင်လည်းလွန်ခဲ့သည့် တစ်နှစ်တာကာလတွင်လည်း ကြက်ငှက်တုပ်ကွေးရောဂါခံစားရသူတစ်ဦးတစ်ယောက်မျှ မရှိခဲ့ကြောင်း၊ လွန်ခဲ့သည့် ခြောက်လတွင် ထိုင်းနိုင်ငံရှိ မွေးမြူရေး သတ္တဝါများတွင် ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားမှု မရှိခဲ့ကြောင်း ၎င်းက ပြောကြားသည်။ ကြက်ငှက်တုပ်ကွေးရောဂါကို ထိန်းချုပ်နိုင်ခြင်းမှာ ရောဂါပြန့်ပွားမှုတားဆီးကာကွယ်ရေးအစီအစဉ်များကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ခြင်းကြောင့် ဖြစ်သည်ဟု ဆို၏။

ထိုစဉ်အတွင်း အာဖရိကနိုင်ငံ အချို့တွင် ကြက်ငှက် တုပ်ကွေး ဘေးအန္တရာယ် ခြိမ်းခြောက်မှုများ ပေါ်ထွက်လာကြောင်း မေ ၂၀ ရက် ဆင်ဟွာ သတင်းတစ်ရပ်တွင် ဖော်ပြသည်။ ဇမ်ဘီယာနိုင်ငံ နယ်စပ်ဒေသတွင် ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားနေသည်ဆိုသော သတင်းများကြောင့် အိမ်နီးချင်းကွန်ဂိုနိုင်ငံက ကြက်ငှက်များ တင်သွင်းမှုကို ပိတ်ပင်ထားလိုက်ပြီ ဖြစ်သည်။

အင်တာနက်။

ကနေဒါနိုင်ငံအရှေ့ပိုင်းတွင် ရေလွှမ်းမိုး ဒေသခံများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်း

အော့တဝါ မေ ၂၂

ကနေဒါနိုင်ငံ အရှေ့ပိုင်းတွင် ၁၀ရက်ဆက်တိုက် မိုးရွာသွန်းမှုကြောင့် ရေလွှမ်းမိုးများဖြစ်ပေါ်လျက်ရှိကြောင်း၊ မွန်ထရီယယ်မြို့ အရှေ့ဘက်တွင် နေထိုင်သော ဒေသခံများအား ရေဘေးလွတ်ရာအရပ်သို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း တာဝန်ရှိသူတစ်ဦးက စနေနေ့တွင် ပြောကြားသည်။

ကနေဒါနိုင်ငံ၏ ဒုတိယအကြီးဆုံးဖြစ်သော မွန်ထရီယယ်မြို့ အရှေ့ဘက်တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် ယာမာစကာမြစ်တွင် ရေကြီးလျက်ရှိကြောင်း၊ မြစ်ကမ်းရိုးတန်း တစ်လျှောက်တွင် နေထိုင်သည့် နေအိမ် ၃၀ခန့်မှ လူ ၁၀၀ခန့်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ရေလွှမ်းမိုးမည့် အန္တရာယ်ပိုမိုဆိုးရွားလာမည်ဆိုပါက ဒေသခံများအား နောက်ထပ်ရွှေ့ပြောင်းပေးရန် ရှိနေကြောင်း၊ ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အစီအစဉ် တစ်စိတ်တစ်ဒေသအရ နေအိမ်များ၏ မြေအောက်ခန်းများကို ရှင်းလင်းထားရန် ဒေသဆိုင်ရာ အာဏာပိုင်များက သတိပေးထားကြောင်း တာဝန်ရှိသူက ပြောကြားသည်။

ရေဘေးဒုက္ခသည်များကို အကူအညီပေးနိုင်ရန် ကြက်ခြေနီများက ဒုက္ခသည်စခန်းကို ဖွင့်လှစ်ထားသည်။ ရပ်ကွက်များတွင် ရေလွှမ်းမိုးမှု ကျယ်ပြန့်မှုမရှိစေရန် ရေစုပ်စက်များကိုအသုံးပြု၍ ဆောင်ရွက်လျက်ရှိသည်။ ကွိဘက်ပြည်နယ်ရှိ ဒေသအချို့တွင်လည်း ရေလွှမ်းမိုးမှု ဖြစ်ပွားလျက်ရှိကြောင်း သဘာဝပတ်ဝန်းကျင်ရေး ထိန်းသိမ်းရေး အေဂျင်စီက ပြောကြားသည်။ ကွိဘက်ပြည်နယ် အနောက်တောင်ပိုင်းတွင် ယခုလအတွင်း မိုးရေချိန် မီလီမီတာ ၂၄၀အထိ ရွာသွန်းခဲ့သည်ဟုဆိုသည်။

အမ်အင်အေ၊ ဆင်ဟွာ။



သဘာဝကပ်ဘေး ကယ်ဆယ်ရေးလုပ်ငန်းနှင့်လုံခြုံရေးစစ်ဆေးမှုလုပ်ငန်းတို့တွင် အသုံးပြုရန် ဂျပန်နိုင်ငံ အိုဆာကာ တက္ကသိုလ်မှ သုတေသီများ တီထွင်ထားသည့် စက်ရုပ်ကို မေ ၂၂ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ အယ်လ်ဂျီ အီလက်ထရွန်းနစ်ဒီဇိုင်း သုတေသနဌာနတွင်ပြသထားသည့် မိုဘိုင်းဖုန်း ဒီဇိုင်းနမူနာများကို မေ ၂၀ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

တူရကီ၌ ကုန်တင်ယာဉ်နှစ်စီးတိုက် လူ ၃၉ ဦးသေဆုံး ခြောက်ဦးဒဏ်ရာရရှိ

အစ္စတန်ဘူ မေ ၂၂

တူရကီနိုင်ငံ အဝေးပြေးလမ်းတစ်လမ်းပေါ်၌ အာဖဂန်နစ္စတန်နိုင်ငံသားများကို တင်ဆောင်လာသည့် ကုန်တင်ယာဉ်တစ်စီးနှင့် အခြားကုန်တင်ယာဉ်တစ်စီးတို့ သောကြာနေ့တွင် တိုက်မိရာ လူ ၃၉ ဦး သေဆုံးကြောင်း အင်တီဗွီရုပ်မြင်သံကြားဌာနက ကြေညာသည်။

အဆိုပါမော်တော်ယာဉ် မတော်တဆမှုမှာ တူရကီနိုင်ငံအရှေ့တောင်ပိုင်းရှိ အော့စမာနီယီ-ဂါဇီအင်တက် အဝေးပြေးလမ်းမပေါ်တွင် ဖြစ်ပွားခြင်းဖြစ်ပြီး လူခြောက်ဦးမှာလည်း ဒဏ်ရာရရှိသွားကြောင်း အော့စမာနီယီမြို့ အုပ်ချုပ်ရေးမှူး ဇူဘီယီကီမီလက်၏ ပြောကြားချက်ကို ကိုးကားလျက် ရုပ်မြင်သံကြားဌာနက ဖော်ပြသည်။ တူရကီနိုင်ငံ၌ ၂၀၀၄ ခုနှစ်တွင် မော်တော်ယာဉ်မတော်တဆမှု ၄၉၄၈၅၁ မှုဖြစ်ပွားခဲ့ပြီး ၃၀၈၂ဦး သေဆုံးခဲ့သည်။ ၂၀၀၅ခုနှစ်တွင် မော်တော်ယာဉ်မတော်တဆမှု ၅၇၀၄၁၉မှုဖြစ်ပွားခဲ့ပြီး ၃၂၁၅ ဦးသေဆုံးခဲ့သည်။ ***အမ်အင်အေ၊ ရိုက်တာ။***

အောက်လွှတ်တော်အမတ်တစ်ဦး၏ ရုံးခန်းအတွင်းသို့ အက်ဖ်ဘီအိုင် ဝင်ရောက်ရှာဖွေ လာဘ်ပေးလာဘ်ယူ အရှုပ်တော်ပုံဖြင့် အမေရိကန် အမတ်နှစ်ဦးအား စစ်ဆေးလျက်ရှိ

ဝါရှင်တန် မေ ၂၁

အမေရိကန်နိုင်ငံတွင် ပြည်ထောင်စု စုံစမ်းစစ်ဆေးရေးဗျူရို (အက်ဖ်ဘီအိုင်) စုံထောက်များက အောက်လွှတ်တော် အမတ်တစ်ဦး၏ ရုံးခန်းကို စနေနေ့ည က စီးနင်းရှာဖွေမှုများ ပြုလုပ်ခဲ့ကြောင်း အက်ဖ်ဘီအိုင် တာဝန်ရှိသူတစ်ဦးက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ဝင်ရောက်ရှာဖွေ

အမေရိကန် အောက်လွှတ်တော် အမတ်တစ်ဦး၏ ရုံးခန်းကို ဝင်ရောက် ရှာဖွေမှုမှာမှန်ကန်သည်ဟု အက်ဖ်ဘီအိုင် ပြောရေးဆိုခွင့်ရှိသူက အတည်ပြု ပြော ကြားသော်လည်း မည်သည့်အမတ်၏ ရုံးခန်းဖြစ်သည်ကို ပြောကြားခြင်း မရှိပေ။ သို့ရာတွင် အင်န်ဘီစီ ရုပ်မြင် သံကြားဌာနက သတင်းထုတ်ပြန်ရာ၌ လူဝီစီယားနားပြည်နယ် ဒီမိုကရက်တစ် အောက်လွှတ်တော်အမတ် ဝီလီယံ ဂျက်ဖာဆင်၏ ရုံးခန်းကို အက်ဖ်ဘီအိုင် စုံထောက်များက စီးနင်းရှာဖွေခဲ့သည်ဟု ဖော်ပြသည်။

ဝါရှင်တန်ရှိ ကွန်ဂရက်အဆောက် အအုံတွင် တည်ရှိသော အမတ်တစ်ဦး၏ ရုံးခန်းကို ဝင်ရောက်ရှာဖွေစစ်ဆေး ခြင်းသည် ထူးဆန်းသည့် ဖြစ်ရပ် တစ်ခုဖြစ်သည်။

ယခု လောလောဆယ်ကာလတွင် လာဘ်ပေးလာဘ်ယူ အရှုပ်တော်ပုံဖြင့် အမေရိကန်အမတ်နှစ်ဦးကို သီးခြားစီ စုံစမ်းစစ်ဆေးလျက်ရှိသည်။ စုံစမ်း စစ်ဆေးမှုဖြင့် ရင်ဆိုင်နေရသော အမတ်နှစ်ဦးမှာ လူဝီစီယားနားပြည်နယ် ဒီမိုကရက်တစ်အမတ် ဂျက်ဖာဆင်နှင့် အိုဟိုင်းယိုးပြည်နယ် ရီပတ်ဘလီကန် အမတ် ဘော့ဘ်နီးတို့ ဖြစ်ကြသည်။

ဂျက်ဖာဆင်သည် နိုင်ဂျီးရီးယားရှိ ရုပ်မြင်သံကြားဌာနတစ်ခုနှင့် အမေရိ ကန် ကုမ္ပဏီတစ်ခုတို့ ကန်ထရိုက် စာချုပ် ချုပ်ဆိုနိုင်ရေးတွင် ပါဝင် ကူညီခဲ့သည်ဟု စွပ်စွဲခံထားရသည်။

အမ်အင်အေ၊ ရိုက်တာ။

ရေနံတူးဖော်ရန် အာရှကုမ္ပဏီများကို နိုင်ဂျီးရီးယားဖိတ်ခေါ်

လေဂို့စ် မေ ၂၁

နိုင်ဂျီးရီးယားနိုင်ငံတွင် အခြေခံအဆောက်အအုံများ တည်ဆောက်နိုင်ရန်အတွက် နိုင်ငံအတွင်းရှိ ရေနံမြေများ၌ လာရောက်ရင်းနှီးမြှုပ်နှံမည့် အာရှကုမ္ပဏီများကို ကမ်းလှမ်း ထားကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ပါဝင်

နိုင်ဂျီးရီးယားအစိုးရက ကမ်းလှမ်းထားသော ရေနံမြေ လုပ်ကွက် ၁၇၃ ရှိပြီး ယင်းလုပ်ကွက်အများစုမှာ ကမ်းလွန် ရေနံမြေ နယ်မြေများတွင် ပါဝင်သည်။

တရုတ်နှင့် အိန္ဒိယကုမ္ပဏီများသည် နိုင်ဂျီးရီးယားနိုင်ငံရှိ ရေနံတူးစမ်းရှာဖွေရေးနှင့် ထုတ်လုပ်ရေးလုပ်ငန်းများ၌ ပါဝင် ဆောင်ရွက်ရန် စိတ်ဝင်စားလျက်ရှိသည်။ နိုင်ဂျီးရီးယား အစိုးရသည် အခြေခံအဆောက်အအုံလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်လာစေရန် ရေနံချက်လုပ်ငန်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ငန်းနှင့် ရထားလမ်းဖောက်လုပ်ရေးလုပ်ငန်းတို့တွင် တရုတ်နှင့် အိန္ဒိယ ကုမ္ပဏီများ လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ထားခြင်းဖြစ်သည်။

လုပ်ကိုင်ခွင့်

ရေနံမြေလုပ်ကွက်များ၌ ရေနံတူးဖော်ထုတ်လုပ်ခွင့် လိုင်စင်များအတွက် နိုင်ဂျီးရီးယားကုမ္ပဏီများကို ပါဝင် လုပ်ကိုင်ခွင့်ပေးထားသည်။ သို့ရာတွင် မည်သည့်ကုမ္ပဏီများ ပါဝင်လုပ်ကိုင်မည်ကို မသိရှိရသေးပေ။

အမ်အင်အေ၊ ရိုက်တာ။



အမေရိကန်နိုင်ငံ အော်ရီဂွန်ပြည်နယ် ရိန်းနီးယားမြို့ရှိ နျူကလီးယား စက်ရုံဟောင်းအား ဒိုင်းနမိုက်ဖြင့် ဖောက်ခွဲဖျက်ဆီးနေသည်ကို မေ ၂၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နေရောင်ခြည်စွမ်းအင် ထုတ်လုပ်မှုစခန်း ထူထောင်မည်

ရှန်ဟိုင်း မေ ၂၁

တရုတ်နိုင်ငံရှိ ရှန်ဟိုင်းမြို့သည် နေရောင်ခြည်စွမ်းအင် ထုတ်လုပ်သည့် အခြေစိုက်စခန်း တည်ရှိလာမည်ဖြစ်ကြောင်း၊ တရုတ်ကုမ္ပဏီတစ်ခုသည် ယွမ်ငွေ နှစ်ဘီလီယံ(အမေရိကန် ဒေါ်လာသန်း ၂၅၀)ရင်းနှီးမြှုပ်နှံကာ နေရောင်ခြည်စွမ်းအင် ထုတ်လုပ်ရေး အခြေစိုက်စခန်းတစ်ခုကို ယင်းမြို့တွင် ထူထောင်မည်ဖြစ်ကြောင်း၊ ရှန်ဟိုင်းမြို့တွင် တည်ရှိလာမည့် အဆိုပါစခန်းသည် တရုတ်နိုင်ငံ၌ နေရောင်ခြည် စွမ်းအင်ထုတ်လုပ်ရေးစခန်းများအနက် အကြီးဆုံးဖြစ်လိမ့်မည်ဖြစ်ကြောင်း ကုမ္ပဏီတာဝန်ရှိသူတစ်ဦးက စနေနေ့တွင် ပြောကြားသည်။

တည်ဆောက်သွားမည်

တရုတ်နိုင်ငံ ဟေဘေးပြည်နယ်ရှိနေရောင်ခြည်စွမ်းအင်ကုမ္ပဏီတစ်ခုဖြစ်သော ကျင်လောင်းစက်မှုလုပ်ငန်းအုပ်စုသည် ရှန်ဟိုင်းရှိ ဖန်ကျင်စီရင်စုတွင် နေရောင်ခြည်စွမ်းအင် ထုတ်လုပ်ရေးစခန်းကို တည်ဆောက်သွားမည်ဖြစ်ကြောင်း အဆိုပါ ကုမ္ပဏီက ပြောကြားသည်။

နေရောင်ခြည်စွမ်းအင် ထုတ်လုပ်ရေး အခြေစိုက်စခန်းတည်ဆောက်ပြီးစီး သည့်အခါ နေရောင်ခြည်စွမ်းအင် ထုတ်ယူရေးနှင့် သက်ဆိုင်နေသော ကိရိယာ များကို အဆိုပါကုမ္ပဏီက တစ်နှစ်လျှင် ယွမ် ၂၂ ဒသမ ၆ ဘီလီယံ (အမေရိကန် ဒေါ်လာ သုံးဘီလီယံ)ခန့် ထုတ်လုပ်သွားနိုင်မည်ဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။



ပြင်သစ်နိုင်ငံတွင် ကျင်းပသော (၅၉)ကြိမ်မြောက် ကိန်းရုပ်ရှင်ပွဲတော်သို့ တက်ရောက်လာသည့် မက္ကဆီကို ရုပ်ရှင်မင်းသမီး အင်နာကလော်ဒီယာ တယ်လာကွန်အား မေ ၂၀ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အာဖဂန်နစ္စတန်တွင် ကန်တပ်ဖွဲ့ဝင် သေဆုံး

ကဘူး မေ ၂၁

အာဖဂန်နစ္စတန်နိုင်ငံတွင် တာလီဘန် ပြောက်ကျားများနှင့် တိုက်ပွဲ ဖြစ်ပွားစဉ်အတွင်း အမေရိကန် တပ်ဖွဲ့ ဝင်တစ်ဦးသေဆုံးပြီး ခြောက်ဦး ဒဏ်ရာ ရရှိကြောင်း အမေရိကန်စစ်ဘက်က စနေနေ့တွင် ပြောကြားသည်။

အမေရိကန်နှင့် အာဖဂန်တပ်ဖွဲ့ များသည် ပူးတွဲစစ်ဆင်ရေးလုပ်ငန်း များကို ဆောင်ရွက်နေစဉ် ဥရုဇကန် ပြည်နယ်တွင် တိုက်ပွဲ ဖြစ်ပွားခဲ့ပြီး အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံး ကြောင်း အမေရိကန်စစ်ဘက်၏ကြေညာ ချက်တွင် ဖော်ပြထားသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် ယခုနှစ် အတွင်း အမေရိကန်တပ်ဖွဲ့ဝင် ၂၄ဦး သေဆုံးခဲ့ပြီးဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။



ဂျာမနီနိုင်ငံမြောက်ပိုင်း ဆီရင် ဂီတီဆာဖာရီဥယျာဉ်၌ ပေါက်ဖွားသည့် အာဖရိကဆင်ပေါက်ကလေး တစ်ကောင်ကို မေ ၂၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မတ် ၂၀ရက်တွင် ဧဝရက်တောင်သို့ ၂၈ဦးတက်ရောက်

ခတ္တမန္ဒူ မေ ၂၁

ကမ္ဘာ့အမြင့်ဆုံးတောင်ထိပ်တည်ရှိရာ ဧဝရက်တောင်ပေါ်သို့ ၂၈ဦးပါဝင်သော သီးခြားအဖွဲ့များက မေ ၂၀ရက်တွင် တက်ရောက်ခဲ့ကြသည်။

ဧဝရက်တောင်ပေါ်သို့ မေ ၂၀ရက် တွင် တက်ရောက်ခဲ့သောအဖွဲ့ဝင် ၁၂ဦး ပါဝင်သော အိန္ဒိယ တောင်တက်အဖွဲ့ သည် တောင်၏ တောင်ဘက်ပိုင်းမှ တက်ရောက်ကြသည်။ အဆိုပါအဖွဲ့ တွင် အိန္ဒိယနိုင်ငံ သားခြောက်ဦးနှင့် နီပေါတောင်တက်သမားခြောက်ဦးတို့ ပါဝင်သည်။ အလားတူ ဧဝရက်တောင် ပေါ်သို့နိုင်ငံတကာတောင်တက်လေ့လာ ရေးအဖွဲ့မှတောင်တက်သမားခြောက်ဦး နှင့် တောင်တက်လမ်းပြခုနစ်ဦးလည်း တက်ရောက်ခဲ့ပြီး နီပေါနှစ်ဦးနှင့် အမေ ရိကန်တစ်ဦးတို့လည်း တက်ရောက်ခဲ့ သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၂

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ထုတ်လုပ်ရေးဌာနက တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ဥတိုဒေသရှိ မြို့တော်စိုက်ကွင်းနှင့် အပန်းဖြေစခန်းသို့ ရောက်ရှိရာ ထုတ်လုပ်ရေးဌာန ဌာနမှူး ဦးကျော်ဝင်းနှင့် တာဝန်ရှိသူများက ရုံးခန်းမဆောင်၌ အကျယ်အဝန်း ဧက တစ်သောင်းခန့်ရှိသည့် မြို့တော်စိုက်ကွင်းနှင့် အပန်းဖြေစခန်း၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ထုတ်လုပ်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် တာဝန်ရှိသူများနှင့်အတူ မြို့တော်စိုက်ကွင်း၌ ငါးနှင့်ပုစွန် သားဖောက်ဌာနခွဲအနီးရှိ ကန်၌ ငါးမြစ်ချင်း၊ ငါးကြင်းခေါင်းပွ၊ တီလားပီးယားနှင့် ငါးတန်မျိုး ငါးမကြီးများကို သားဖောက်ရန် မွေးမြူထားရှိမှု၊ ဥစားကြက်ခြံ၌ စီပီအမျိုးအစားနှင့် HISEX အမျိုးအစား ကြက်များ မွေးမြူထားရှိမှုနှင့် ဥစံချိန်များ၊ ကြက်ခြံအနီး၌ စိုက်ပျိုးရန် ချင်းပင်များ ပျိုးထောင်ထားရှိပြီး မြေနေရာပြုပြင်နေမှု၊ လောင်စာတောင့်စက်ရုံမှ လောင်စာတောင့်များထုတ်လုပ်နေမှု၊ (၂၅)တန်ကျ ဆန်စက်နှစ်လုံးမှ ကြိတ်ခွဲပြီးစပါးများ ဂိုထောင်များအတွင်း သိုလှောင်ထားရှိမှု၊ ဝန်ထမ်းများအား သက်သာသည့် ဈေးနှုန်းဖြင့် ရောင်းချပေးနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ကြက်ဆူပင်စိုက်ခင်း၌ ခြံစည်းရိုးကြက်ဆူပင်ကို အမှတ်တရ စိုက်ပျိုးပေးသည်။

ယင်းနောက် ရန်ကုန်မြို့တော်ဝန်သည် ဟင်းသီးဟင်းရွက်စိုက်ခင်း၌ ချဉ်ပေါင်၊ တိုင်ထောင်ပဲ၊ ပဲငုတ်တုတ်၊ ရုံးပတီ၊ ရွက်စားမုန်လာနှင့် ကန်စွန်းစိုက်ခင်းများ၊ ခဝဲနှင့် ကြက်ဟင်းခါးပင်များ စိုက်ပျိုးထားရှိမှု၊ ဥတိုကလပ်ဟောက်(စ်)အနီး စိုက်ကွင်း၌ စပါး၊ ချဉ်ပေါင်နှင့် ပြောင်းစသည့် သီးနှံများ ဖြစ်ထွန်းအောင်မြင်နေမှု၊ စက်ယန္တရားကြီးများဖြင့် မြောင်းပေါင် ၁၃ခု ပြုလုပ်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာ တာဝန်ရှိသူများအား မိုးစပါးဧက ၁၅၀၀နှင့် နွေစပါးဧက ၅၀၀ စိုက်ပျိုးရေး၊ ရန်ကုန်မြို့၌ နေ့စဉ် လိုအပ်လျက်ရှိသည့် မီးဖိုချောင် စားသုံးသီးနှံပင်များ ပိုမိုစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချနိုင်ရေး၊ ရာသီပင်များ တိုးတက်စိုက်ပျိုးရေး၊ ဥစားကြက်၊ အသားစားကြက်ခြံများ တိုးချဲ့ဆောက်လုပ်မွေးမြူရေး၊ မြေလွတ်မြေလပ်မကျန် စိုက်ပျိုးပြီး စိုက်၍မရနိုင်သည့် ရေနက်ကွင်းများ၌ ငါးကန်များ တိုးချဲ့တူးဖော်ရေး၊ တာဝန်ရှိသူ အဆင့်ဆင့်က စေတနာထားကာ လုပ်ငန်းများ အောင်မြင်တိုးတက်စေရန် စနစ်တကျ လုပ်ဆောင်ရေး မှာကြားသည်။

ကြည့်ရှုစစ်ဆေး

မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း ဥတိုဒေသ မြို့တော်စိုက်ကွင်းရှိ ငါးကန်များတွင် သားဖောက်ရန် မွေးမြူထားသော ငါးများ ကြီးထွားမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

(မြို့တော်စည်ပင်)

အဆိုပါ ဥတိုစိုက်ကွင်းနှင့် အပန်းဖြေစခန်းတို့၌ ဒေသမျိုး နွားကောင်ရေ ၁၀၃ ကောင်၊ ကျွဲ ၃၇ကောင်တို့ကို လွတ်ကျောင်းစနစ်ဖြင့် မွေးမြူထားရှိပြီး ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရန် ၂၉ ဧကကို မြေလွတ်မြေလပ်များ လမ်းဘေးဝဲယာများ၌ စိုက်ပျိုးထားရှိပြီး ဥစားကြက်ကောင်ရေ ၄၄၄၃ မွေးမြူထားရှိသည်။ ထို့အပြင် ဒေသစပ်မျိုး ဝက်ကောင်ရေ ၃၈၆ ကောင်ကိုလည်း မွေးမြူထားရှိသည်။ (သတင်းစဉ်)

ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ စည်းရုံးရေးရာ အခြေခံသင်တန်းအမှတ်စဉ် (၁၈/၂၀၀၆)ဖွင့်ပွဲကို မေ ၂၂ ရက်က မြို့နယ်အသင်းရုံးခန်းမတွင်ပြုလုပ်ရာ အနောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးနေဝင်း သင်တန်းပို့ချစဉ်။

(ဝ၄)

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အမှတ်(၃)အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ် လှူဒါန်းပွဲကို မေ ၂၂ရက်က ကျင်းပရာ အဘိုးအဘွားနှင့် မိဘနှစ်ပါးကို အမှူးထား၍ မောင်လူမော်နှင့် မမေစန္ဒာမော် မောင်နှမတို့က ငွေကျပ် သိန်း ၈၀ တန် ကျောင်းဆောင်သစ်နှင့် ပရိဘောဂများကို ကျောင်းအုပ်ဆရာကြီး ဦးကျော်ဖေဦးထံ ပေးအပ်လှူဒါန်းစဉ်။

(ပညာရေး)

သုဝဏ္ဏသိဂီရိပ်သာ ၁၀ရက်တရားစခန်း

ရန်ကုန် မေ ၂၂

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏမြို့ သံသုမာလမ်းရှိ သုဝဏ္ဏသိဂီ မိုးကုတ်ဓမ္မရိပ်သာကျောင်းတွင် မိုးကုတ်ဝိပဿနာ ၁၀ရက်တရားစခန်းကို ဇွန် ၃ ရက်မှ ၁၂ ရက်ထိ ကျင်းပမည်ဖြစ်သည်။

တရားစခန်းပွဲတွင် ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဆရာတော် ဦးနာရဒ၊ နယ်လှည့်ဓမ္မကထိက ဆရာတော် ဦးကုသလ (ဓမ္မာစရိယ)နှင့် ဆရာဦးဌေးဝင်း(မအူပင်)တို့က ပဋိစ္စသမုပ္ပာဒ်တရားတော်များကို ဟောကြားပြသမည်ဖြစ်ရာ စခန်းဝင်မည့်ယောဂီများ ဇွန် ၂ ရက် ညနေ ၅ နာရီအရောက် လာရောက်ကြရန် နှိုးဆော်ထားသည်။ (က-ပ)

ကွန်ပျူတာအသုံးချနှင့် အင်တာနက်သင်တန်းဖွင့်မည်

ရန်ကုန် မေ ၂၂

သာသနာရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်၌ အခြေခံကွန်ပျူတာအသုံးချနည်းနှင့် ထိတွေ့ဆောင်ရွက်နည်း (Introduction to Computer) နှင့် အင်တာနက်၊ အီးမေးလ်တို့ကို ကျွမ်းကျင်စွာ အသုံးချဆောင်ရွက်နည်း (Leading to internet, E-mail) နှစ်လသင်တန်းများကို မေနောက်ဆုံးအပတ်မှ စတင်၍ အပတ်စဉ် ကြာသပတေး၊ သောကြာ၊ စနေနေ့များတွင် ညနေ ၄နာရီခွဲမှ ည ၆နာရီခွဲအထိ ဖွင့်လှစ်သင်ကြားပို့ချမည်ဖြစ်ရာ သင်တန်းသို့ အနိမ့်ဆုံးအခြေခံပညာ အထက်တန်း(က) (ခ) အဆင့်နှင့် တက္ကသိုလ်ဝင်တန်း အောင်မြင်သူများ တက်ရောက်နိုင်ကြောင်းနှင့် အသေးစိတ် သိလိုသောအချက်များကို ဖုန်း-၆၅၀၇၁၂သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

(သတင်းစဉ်)

ရခိုင်ပြည်နယ် ဂွမြို့နယ် လေဘေးကူညီရေး ပါဝင်လှူဒါန်းနိုင်

ရန်ကုန် မေ ၂၂

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဦးထောင်ဗိုလ်လမ်းနှင့် ရေတာရှည်လမ်းထောင့်ရှိ "ဓညဝတီသာသနာပြုကျောင်းတိုက်" ဖုန်း-၃၇၉၈၉၈၌ ယာယီစခန်း ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသော ရခိုင်လူမှုရေးအသင်းအဖွဲ့များ၏ "ဂွမြို့နယ် လေဘေးကူညီရေးကော်မတီ"သို့ စေတနာရှင်ပြည်သူများသည် နေ့စဉ်လာရောက်၍ လှူဒါန်းလျက်ရှိကြရာ မာန်အောင်မြို့နယ်အသင်းက ငွေကျပ် နှစ်သိန်း ငါးသောင်း၊ မောင်တောမြို့နယ်အသင်း၊ ရခိုင်မောင်မယ်အသင်း၊ ဦးကျော်ခင်-ဒေါ်မွှေးမွှေး(DECOLAND Co., Ltd.)နှင့် ဦးခင်မောင်ဝင်း-ဒေါ်စိုးမိုးသူတို့က ငွေကျပ် နှစ်သိန်းစီ၊ ဒေါက်တာဦးသောင်းလွင်-ဒေါက်တာခင်အေးသန်းနှင့် ဦးရွှေတင်အောင်-ဒေါ်ဖြူနုတို့က ငွေကျပ် တစ်သိန်း ငါးသောင်းစီ၊ ပေါက်တောမြို့နယ်အသင်း၊ လေးထောင်နယ်အသင်း၊ ဦးအောင်သာထွန်း-ဒေါ်မြဦး၊ ဦးစိန်ထွန်းလှ-ဒေါ်သန်းရီနှင့် ဒေါ်ကြန်တို့က ငွေကျပ် တစ်သိန်းစီ၊ ဦးသာထွန်း(ကျောက်ဖြူ)၊ ဦးဘရွှေ-ဒေါ်သိန်းကြည်၊ ဦးအောင်မြင့်-ဒေါ်နုရွှေ၊ ဦးမြင့်ရွှေ-ဒေါ်မိမိရှိန်နှင့် ဦးဘခန့်-ဒေါ်ခင်ရွှေတို့က ငွေကျပ် ငါးသောင်းစီ၊ ဦးဇော်ဇော်မင်း၊ ဦးမြတ်ဇော်စိုးလတ်-ဒေါ်ထက်ထက်မျိုးတို့က ငွေကျပ် နှစ်သိန်းဖိုးခန့်တန်ဖိုးရှိ နိုင်ငံခြားဖြစ် ရုပ်အင်္ကျီအသစ် ၇၈ ထည်နှင့် သမီးငယ် မမြတ်သီရိထက်က ကလေးစီးဖိနပ် ၄၃ ရန်၊ ရသေ့တောင်မြို့နယ်အသင်းက ငွေကျပ် တစ်သိန်းတန်ဖိုးရှိ ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများအပါအဝင် အခြားသောစေတနာရှင် အများပြည်သူတို့၏ ကူညီလှူဒါန်းငွေနှင့် ပစ္စည်းတန်ဖိုး ကျပ်၂၆သိန်းဖိုး ထပ်မံ၍ ထည့်ဝင်လှူဒါန်းကြရာ မေ ၁၆ရက်တွင် ထည့်ဝင်လှူဒါန်းငွေ ကျပ် ၂၂သိန်း အပါအဝင် စုစုပေါင်း လှူဒါန်းငွေ ကျပ် ၄၈သိန်း ပါဝင်လှူဒါန်းကြသည်။ ဂွမြို့နယ် လေဘေးကူညီရေးကော်မတီကို ၂၀၀၆ ခုနှစ် ဇွန် ၁၅ရက်အထိ ဖွင့်လှစ်ထားရှိရာ မည်သူမဆို ယင်းနေ့မတိုင်မီ နေ့စဉ် နံနက် ၉နာရီမှ ညနေ ၅နာရီအတွင်း လာရောက်လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး နှိုးဆော်ချက်

၁။ သွေးလွန်တုပ်ကွေးရောဂါသည် အသက်(၃)နှစ်မှ (၁၄)နှစ်အထိ ကလေးငယ်များတွင် ဖြစ်ပွားတတ်ပါသည်။ သွေးလွန်တုပ်ကွေးရောဂါဖြစ်လျှင် ရင်သွေးငယ်များ အသက်ဆုံးပါးရသည်အထိ ဖြစ်နိုင်သဖြင့် မိမိတို့၏ ရင်သွေးများ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ကြပါရန် နှိုးဆော်အပ်ပါသည်။

၂။ သွေးလွန်တုပ်ကွေးရောဂါသည် ရေကြည်ရေသန့်တွင်ပေါက်ပွားသော ခြင်ပုန်း၊ခြင်ကျား အကိုက်ခံရခြင်းကြောင့် ကူးစက်ပါသည်။ သို့ပါ၍ ခြင်ပုန်း၊ ခြင်ကျား မပေါက်ပွားစေရန်နှင့် မိမိတို့ရင်သွေးများ ခြင်ကိုက်မခံရစေရန် အောက်ပါအတိုင်း ဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်-

သွေးလွန်တုပ်ကွေးရောဂါမှကာကွယ်ရန်

(က) ရေစည်၊ ရေအိုးများကို လုံခြုံစွာဖုံးအုပ်ထားပါ။
(ခ) ရေအိုး၊ ညောင်ရေအိုးတို့မှရေကို နေ့စဉ်လဲလှယ်ပေးပါ။
(ဂ) ရေစည်၊ ရေအိုးများရှိ ပိုးလောက်လမ်းများအား ရေစစ်ဖြင့်ခပ်ထုတ်ပစ်ပါ။
(ဃ) မိုးရေတင်နိုင်သော ဘူးခွံ၊ ပုံးခွံ၊ တာယာစုတ်၊ အိုးခြမ်းပဲ့ စသည်တို့ကို ဖယ်ရှားရှင်းလင်းပါ။
(င) အလင်းရောင်ရရှိရန် တံခါးများကို နေ့ခင်းပိုင်းတွင် ဖွင့်ထားပါ။
(စ) အိမ်တွင်း၊ အိမ်ပြင် သန့်ရှင်းစွာထားပါ။
(ဆ) ကလေးများအိပ်ချိန်တွင် ခြင်ထောင်ဖြင့်သိပ်ပါ။
(ဇ) အိမ်ပတ်ဝန်းကျင်ရှိ ရေဝပ်နိုင်သော မြေနိမ့်များကို မြေဖို့ပါ။
(ဈ) မိမိတို့အိမ်ရှေ့၊ အိမ်နောက်တို့မှ ရေမြောင်းများကို ရေစီးရေလာကောင်းအောင် ရှင်းလင်းပါ။ လိုအပ်ပါက စည်ပင်သာရေးအဖွဲ့၏ အကူအညီကိုယူပါ။

၃။ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး ခြင်များမပေါက်ပွားစေရန်ဆောင်ရွက်ခြင်း၊ အသိပညာပေးခြင်း၊ ကာကွယ်တားဆီးခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြပါရန်နှင့် သွေးလွန်တုပ်ကွေးဖြစ်ပွားသည်ဟု သံသယရှိသော ကလေးများကို ဆေးပေးခန်း၊ ဆေးရုံများသို့ အချိန်မီပို့ဆောင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

အိန္ဒိယသမ္မတနိုင်ငံမှ လေ့လာရေးအဖွဲ့ရောက်ရှိ
နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်လေ့လာ

ရန်ကုန် မေ ၂၂

အိန္ဒိယသမ္မတနိုင်ငံ National Defence College Course မှ အဖွဲ့ဝင် ၂၀ ပါဝင်သည့် လေ့လာရေးအဖွဲ့သည် ယမန်နေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။

အဆိုပါ လေ့လာရေးအဖွဲ့အား နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ် ဒုတိယကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် သန်းမောင်နှင့် တာဝန်ရှိသူများနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ စစ်သံမှူး Colonel Jasvinder Singh Chopra တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

တွေ့ဆုံနှုတ်ဆက်

အိန္ဒိယသမ္မတနိုင်ငံ National Defence College Course မှ လေ့လာရေးအဖွဲ့ခေါင်းဆောင် Commodore Rear Admiral Venkat Shanker ,VSM, Senior Directing Staff (Navy)သည် ယနေ့နံနက် ၁၀နာရီ ၁၀မိနစ်တွင် ရန်ကုန်မြို့ရှိ နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ် ဧည့်ခန်းမ၌ နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်ချုပ်မိုးဟိန်းအား တွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် အိန္ဒိယသမ္မတနိုင်ငံ National Defence College Course မှ လေ့လာရေးအဖွဲ့အား နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ် ရှင်းလင်းခန်းမဆောင်၌ ကျောင်းအုပ်ကြီး ဗိုလ်ချုပ်မိုးဟိန်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ်၏ သမိုင်းကြောင်းနှင့် သင်ကြားမှုဆိုင်ရာများကို ဗီဒီယိုဖြင့် ရှင်းလင်းပြသသည်။

ရှင်းလင်းပြောကြား

ယင်းနောက် ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာဌာနများအလိုက် လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် လေ့လာရေးအဖွဲ့ခေါင်းဆောင်က ကျေးဇူးတင်စကားပြောကြားပြီး ကျောင်းအုပ်ကြီး ဗိုလ်ချုပ်မိုးဟိန်းနှင့် အမှတ်တရ လက်ဆောင်ပစ္စည်းများကို အပြန်အလှန် ပေးအပ်ကြသည်။

ဆက်လက်၍ လေ့လာရေးအဖွဲ့ဝင်များသည် နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ်ရှိ စာကြည့်တိုက်များနှင့် တက္ကသိုလ်သမိုင်းကြောင်းပြခန်းတို့ကို ကြည့်ရှုလေ့လာကြပြီး လေ့လာရေးအဖွဲ့ခေါင်းဆောင်က ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုး၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ကြိုဆို

ထိုမှတစ်ဆင့် လေ့လာရေးအဖွဲ့ဝင်များသည် မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးတက္ကသိုလ်သို့ ရောက်ရှိကြရာ ပါမောက္ခချုပ် ဗိုလ်မှူးချုပ်မင်းသိန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းပြသ

ယင်းနောက် တပ်မတော် ဆေးတက္ကသိုလ်ဧည့်ခန်းမ၌ လေ့လာရေးအဖွဲ့ဝင်များအား ပါမောက္ခချုပ်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး တပ်မတော် ဆေးတက္ကသိုလ် သမိုင်းကြောင်းနှင့် သင်ကြားမှုဆိုင်ရာများကို ဗီဒီယိုဖြင့် ရှင်းလင်းပြသသည်။

ထို့နောက် လေ့လာရေးအဖွဲ့ခေါင်းဆောင်နှင့် ပါမောက္ခချုပ်တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများကို အပြန်အလှန်ပေးအပ်ကြသည်။

ဆက်လက်၍ လေ့လာရေးအဖွဲ့ခေါင်းဆောင်က ဧည့်သည်တော်မှတ်တမ်း၌ လက်မှတ်ရေးထိုးပြီး ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များသည် တပ်မတော်ဆေးတက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ပန်းခြင်းချအလေးပြု

ထိုမှတစ်ဆင့် လေ့လာရေးအဖွဲ့ဝင်များသည် ရန်ကုန်မြို့ရှိ နေသဟာယ စစ်သင်္ချိုင်း ကော်မရှင်(ထောက်ကြန့်)သို့ ရောက်ရှိကြပြီး ကျဆုံးလေပြီးသော အရာရှိစစ်သည်များအား ပန်းခြင်းချ၍ အလေးပြုကြကာ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် လေ့လာရေးအဖွဲ့ခေါင်းဆောင်က ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးပြီး ပြန်လည်ထွက်ခွာသွားကြသည်။ (သတင်းစဉ်)

အိန္ဒိယသမ္မတနိုင်ငံ National Defence College Course မှ လေ့လာရေးအဖွဲ့ဝင်များ တပ်မတော်ဆေးတက္ကသိုလ်တွင် ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုး

ရန်ကုန် မေ ၂၂

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်အတွင်း ၂၀၀၆-၂၀၀၇ ခုနှစ် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရန် ဧက ၂၀၀၀ လျာထားဆောင်ရွက်ခဲ့ရာ မေ ၂၀ရက်တွင် ဒလမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်အောင်မှူးကြီးကြပ်၍ ဒလမြို့နယ် ပျော်ဘွယ်ကြီး၊ ရွှေလှေချောင်း၊ သမ္ဘန်ချောင် ကျေးရွာအုပ်စု သုံးရွာ၏ ရွာချင်းဆက် လမ်းမဘေး ဝဲ/ယာ တစ်လျှောက် ခြံစည်းရိုးကြက်ဆူပင် ၃၆၀၀စိုက်ပျိုးခဲ့ပြီး**(အပေါ်ပုံ)**အဖွဲ့အစည်းများနှင့် မြို့နယ်လုံးကျွတ်အနေဖြင့် ကြက်ဆူပင် အပင်ပေါင်း ၁၆၈၀၀ပင် ၁၄ ဧက စိုက်ပျိုးခဲ့သည်။

ဒလမြို့နယ် အနေဖြင့် ၁၁၄ ဧက စိုက်ပျိုးပြီးဖြစ်ပြီး ကျန်ရှိသော ဧကများအား လာမည့် ဇွန်လအတွင်း အပြီးစိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။ (၅၂၉)

ထာဝရငွေပဒေသာပင်

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ပန်းလှိုင်အိမ်ရာနေ ဦးသန်းလွင်-ဒေါ်ခင်မြအေး၊ ညီမ မမြင့်ကြည်၊ သမီး နွဲ့ယဉ်ဝင်း၊ သား ဖြိုးမင်းဟန် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် ကျပ်နှစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံရယူစဉ်။ (က-ပ)

ဝမ်းပျက်ဝမ်းလျှောရောဂါ ပညာပေးဟောပြော

ရန်ကုန် မေ ၂၂

ဗိုလ်တထောင်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ကြီးမှူးပြီး ပြည်သူများ ဝမ်းပျက်ဝမ်းလျှောရောဂါ မဖြစ်ပွားစေရေးအတွက် အသိပညာပေးဟောပြောပွဲကို မေ ၂၀ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီလာမြင့်နှင့် မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်ထွေးကြည် တို့က ရှင်းလင်းပြောကြားသည်။ ဟောပြောပွဲသို့ ရပ်ကွက်အတွင်းရှိ ရပ်ကွက်ပြည်သူများနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ တက်ရောက်ခဲ့ကြသည်။ အခမ်းအနား အပြီးတွင် ရပ်ကွက်အသင်းခွဲဥက္ကဋ္ဌ များသို့ ကိုယ်ဝန်ဆောင်အားဆေး၊ နို့မှုန့်နှင့် ကလေးအားဆေးများ ဝေငှပေးခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၅-၂၀၀၆ (အင်္ဂါနေ့)

၇း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅	သုံးဆယ်ရေလှောင်တမံ (ပဲခူးတိုင်း)
၇း၁၅	တေးဂီတအစီအစဉ်
၇း၂၀	ပြည်တွင်းသတင်းအကျဉ်း
၇း၃၀	Say It In English (3)
၇း၄၅	တေးဂီတအစီအစဉ်
၇း၅၀	ပန်းပုပလတ်စတာ
၈း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၂၀	ကျန်းမာစေမည် "ပဲပိစပ်ဆီ"
၈း၃၀	တေးဂီတအစီအစဉ်
၈း၃၅	ကန်တော်ကြီးရေချိုငါးဥယျာဉ် (အပိုင်း-၂)
၈း၅၅	မိုးလေဝသခန့်မှန်းချက်
၉း၀၀	စာပေပညာရှင်များနှင့် တွေ့ဆုံခြင်း (ဆရာဦးသိန်းလွင်)
၉း၁၅	တေးဂီတအစီအစဉ်
၉း၂၀	အနုပညာရပ်ဝန်းမှ ပွဲတင်သံများ (တောင်သမန်သစ္စာ)
၉း၅၀	တေးဂီတအစီအစဉ်
၉း၅၅	လယ်ယာစိုက်ပျိုးရေးကဏ္ဍအတွက် သိမှတ်စရာအဖြာဖြာ
၁၀း၀၅	တေးဂီတအစီအစဉ်
၁၀း၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၂၀	အားလုံးကိုသိစေချင်တယ် (ဦးကျော်ရှိန်၊ဒေါ်တင်တင်အိ၊ နန်းဆုရတီစိုး)
၁၀း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅	Sunday Talk
၁၁း၃၀	တေးဂီတအစီအစဉ်
၁၁း၃၅	မြွေအန္တရာယ်နှင့် မြွေကိုက်ခံရလျှင်လိုက်နာဆောင်ရွက်သင့်သည့် အချက်များ
၁၁း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ(၅)နာရီစာ အစီအစဉ်များကို ည ၂၃း၀၀ နာရီအထိ (၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၈၅) ထုတ်ဝေဖြန့်ချိ

ရန်ကုန် မေ ၂၂

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်စီစဉ်ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၈၅)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**

ကို(တက္ကသိုလ်)၊ ရန်နိုင်ဦး၊ ဖိုးရန်နိုင်(ကျောက်ကြီး)၊ မင်းသွေးနွယ်(ဇီးကုန်း)၊ မျိုးမြင့်လွင်၊ ညိုလွမ်းအောင်၊ မင်းရွှေမင်း(အင်းစိန်)၊ ပြေအေး(မြင်းမူ)၊ဝင်းနွယ်(သစ်တော)၊ လုကွန်းနိုင်(ရွှေမြင်တင်)၊ မောင်နီမြင့်(ပင်လယ်)၊ ကြွေကြူတို့၏ အဖွင့်ကဗျာများ၊ ဣန္ဒာဆွေ၊ ကထိကရဟန်း၊ စောမုံညင်း၊ မကြန်၊ တက္ကသိုလ်တင်ခ၊ ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်)၊ ချစ်နိုင်(စိတ်ပညာ)၊ မြင့်သိန်းအောင်၊ ပခုက္ကူဦးအုံးဖေ၊ ရဲရင့်တင့်ဆွေ၊ စိုးမြင့်ငြိမ်း၊ နီငြိမ်း(အညာတက္ကသိုလ်)၊ အောင်ဇင်၊ လှိုင်မြင့်ဦး၊ ဝင်းနိုင်သောင်း၊ တက္ကသိုလ်သျှင်သီရိ၊တက္ကသိုလ်သခ်၊မွှေးငယ်ငယ်၊ မြတ်ဦး၊ တင်မောင်အေး(ပြန်/ဆက်)၊ တက္ကသိုလ်စိုးယဉ်၊ ကျော်ဇောဟိန်း(ဒေါပုံ)တို့၏ ဆောင်းပါးများ၊ ဆင်ဖြူကျွန်းအောင်သိန်း၊ တင်အောင်စိုး(ပန်းမြို့တော်)၊ အညာမောင်ဒီပ၊ မောင်မောင်မိုးအောင်၊ အောင်ချစ်ခိုင်(မုံရွာ)၊ သျှီ(အင်ကြင်း)၊ နွယ်ဇင်ဦး(မြန်မာစာ)တို့၏ ဝတ္ထုတို၊ ပြဇာတ်နှင့်ကာတွန်းများအပြင် ဗုဒ္ဓစာဥယျာဉ်၊ တောခလေ့စာပန်းချီ၊ ကလေးတို့အတွက် ကဗျာလက်ဆောင် စာလက်ဆောင်၊ ကဗျာပန်းရုံရိပ်၊ အမျိုးသမီးကဏ္ဍ၊ တိုင်းရင်းသားကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ပုံပြင်ကဏ္ဍ စုံလင်စွာ တင်ဆက်ထားသည်။ အဆိုပါမဂ္ဂဇင်းကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်နှင့် အခြားဆိုင်ကြီးများအပြင် မြို့နယ်အသီးသီးရှိ စာအုပ်ဆိုင်ကြီးများတွင်လည်း ဝယ်ယူရရှိနိုင်သည်။ (သတင်းစဉ်)

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် (၄၆)လမ်းနေ ကွယ်လွန်သူ ဦးအောင်သာကျော် (၁၁)နှစ်ပြည့်အား ရည်စူး၍ ဒေါ်မြရွှေမိသားစုက သဃ်န်းကျွန်းမြို့နယ် (၁၆/၂)ရပ်ကွက် ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက်ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ အလှူငွေ ကျပ်နှစ်သိန်းလှူဒါန်းရာ အလုပ်အမှုဆောင် ဒေါ်ဥမ္မာစိုး လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

နိုင်ငံတော်ကြီးကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံ၏ စစ်မှန်သည့်အားများဖြစ်သည့် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူများ၏အားများ စုစည်းပေါင်းစပ် အကောင်အထည်ဖော်နေ

✻ **ရှေ့ဖုံးမှ**

အဆိုပါ သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များ၊ အထူးဖိတ်ကြားထားသော ပုဂ္ဂိုလ်များ၊ သင်တန်းတာဝန်ခံ ဒုတိယဗိုလ်မှူးကြီးခင်ဝင်းနှင့် သင်တန်းကြီးကြပ်သူ အရာရှိများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက သင်တန်းဖွင့် အမှာစကား ပြောကြားရာတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးပေါ်ထွန်းလာရေးသည် ပြည်သူအားလုံး၏ အမျိုးသားရေးရည်မှန်းချက် ပန်းတိုင်ဖြစ်ကြောင်း၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးသည် စစ်မှန်သည့် ပြည်ထောင်စုမျိုးချစ်စိတ်ကိုအခြေခံပြီး နိုင်ငံတော်၏ ပကတိ အရှိတရားအရ ပေါ်ပေါက်လာသည့် ဝိဝါဒကွဲပြားစရာ မလိုသည့် သမိုင်းက ပေးအပ်လာသည့် အမျိုးသားရေးတာဝန်များပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒို့တာဝန်အရေးသုံးပါးကို မူအဖြစ် ဦးထိပ်ပန်ဆင်ပြီး နိုင်ငံရေးနည်းလမ်း(၄)ရပ်၊ စီးပွားရေးနည်းလမ်း(၄)ရပ်၊ လူမှုရေးနည်းလမ်း (၄)ရပ်တို့နှင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ဦးတည်ချက် (၁၂)ရပ်သည် မှန်ကန်ပြီး လက်တွေ့ကျသည့် လမ်းစဉ်များပင်ဖြစ်ကြောင်း၊ မှန်ကန်ခိုင်မာသည့်မူ၊ လမ်းစဉ်များနှင့် လက်တွေ့ကျပြီး စေတနာပါသည့် အကောင်အထည်ဖော်ဆောင်ရွက်မှုများကြောင့် ဘက်စုံ ကဏ္ဍစုံမှာ ဖွံ့ဖြိုးတိုးတက်နေသည်ကို ပြည်သူများကြားတွင်ရှိနေသည့် သင်တန်းသားများကိုယ်တိုင် သိမြင် ထိတွေ့ခံစားနေကြရပြီဖြစ်ကြောင်း။

အားသုံးအား

မိမိတို့နိုင်ငံတော်ကြီးကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံ၏ စစ်မှန်သည့် အားများဖြစ်သည့် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူများ၏အားများ စုစည်းပေါင်းစပ် အကောင်အထည်ဖော် ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း၊ ယင်းအား သုံးအားမှာ သင်တန်းသားများကိုယ်တိုင် ပါဝင်နေသည့် ပြည်သူများ၏ အားသည် အဓိကအင်အားစု တစ်ခုအဖြစ် ပါဝင်နေသည်ကို တွေ့မြင်နေကြရမှာဖြစ်ကြောင်း၊ အရေအတွက်အားဖြင့် များပြားပြီး နိုင်ငံအတွင်း၌ ပျံ့နှံ့စွာနေထိုင်ကြသည့် ပြည်သူများ၏ စုစည်းညီညွတ်သည့်အားကို ရယူကြရမှာဖြစ်ကြောင်း၊ ပြည်သူများ၏အားကို ရယူနိုင်ရန်အတွက် နိုင်ငံတော်ကချမှတ်ထားသည့် မူဝဒလမ်းစဉ်များကို ယုံကြည်၊ ခံယူလာအောင် နိုင်ငံတော်က ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်လာအောင် ဆက်စပ်စည်းရုံး ဆောင်ရွက်ပေးသွားကြရမှာဖြစ်ကြောင်း။

အသင်းဝင်များသည် သီးခြားလူတန်းစားတစ်ရပ်က ပေါက်ဖွားလာကြခြင်း မဟုတ်ဘဲ နိုင်ငံတော်၏ နယ်မြေအသီးသီးက ထွက်ပေါ်လာကြခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ အမျိုးသားရေးတာဝန်များကို အသင်းကြီးကချမှတ်ထားသည့် မူဝါဒ၊ လမ်းစဉ်၊ စည်းကမ်းချက်များအတိုင်း စုစည်းညီညွတ်စွာ လုပ်ကိုင်ရန် မွန်မြတ်သည့်ဆန္ဒများနှင့် ဝင်ရောက်လာကြသူများဖြစ်ကြောင်း၊ အသင်းကြီး၏ စုစည်းညီညွတ်သည့်အားကို ရဖို့အတွက် စနစ်တကျဖွဲ့စည်းမှုနှင့် စီမံဆောင်ရွက်မှုများကိုလည်း ပြုလုပ်ထားပြီးဖြစ်ကြောင်း၊ အသင်းဝင်များအနေနှင့် မိမိပတ်ဝန်းကျင် နယ်မြေလူထု၏ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ရရှိစေရန် နှစ်စဉ်ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များအတိုင်း လက်တွေ့ကျသည့် အကျိုးပြုလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ်လုပ်ဆောင်ခဲ့ကြကြောင်း၊ အရည်အချင်းပြည့်ဝသော အသင်းဝင်များ တိုးတက်ဖြစ်ပေါ်ရေးအတွက်လည်း လေ့ကျင့်မှုများ ပြုလုပ်ပေးလျက်ရှိကြောင်း၊ အရည်အချင်းပြည့်ဝသည့် အသင်းဝင်များကသာ အသင်းကြီး၏ ရည်ရွယ်ချက်များအတိုင်း မိမိတို့ပတ်ဝန်းကျင်နယ်မြေလူထုနှင့် ပူးပေါင်းမှုကိုရယူပြီး ရည်မှန်းချက်ပြီးမြောက်အောင် အကောင်အထည်ဖော်နိုင်မှာဖြစ်ကြောင်း။

လေ့ကျင့်မှုတိုင်းသည် ကြီးမားလေးနက်သည့် ရည်မှန်းချက်များ ရှိကြစမြဲဖြစ်ကြောင်း၊ ယခုဖွင့်လှစ်သည့် အမှုဆောင်များ အဆင့်မြင့်စီမံခန့်ခွဲရေး အထူးသင်တန်း အမှတ်စဉ်(၁)ကိုလည်း အသင်းကြီး၏ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် အထောက်အကူဖြစ်စေရန် ယုံကြည်မျှော်မှန်းပြီး ဖွင့်လှစ်ပေးလိုက်ခြင်းဖြစ်ကြောင်း။

စွဲမြဲခိုင်မာသည့်ယုံကြည်ချက်

အထူးသင်တန်းတက်ရောက်ကြသူများသည် ပြည်နယ်၊ တိုင်း၊ ခရိုင် အသင်းအလုပ်အမှုဆောင်များ ဖြစ်ကြသည့်အတွက် အသင်းကြီးကချမှတ်ထားသည့် ရည်ရွယ်ချက်များ အောင်မြင်ရန်အတွက် စွဲမြဲခိုင်မာသည့် ယုံကြည်ချက် ခံယူချက်များနှင့် မိမိတို့၏ နယ်မြေအသီးသီးတွင် ရှေ့တန်းက တက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြသူများဖြစ်ကြောင်း၊ မိမိတို့ကိုယ်တိုင် အရည်အချင်း တိုးတက်မြင့်မားလာသည်နှင့်အမျှ အသင်းဝင်များ၏ စည်းလုံးညီညွတ်မှုအားကို တည်ဆောက်ပြီး နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် ပိုမိုတိုးတက်ဆောင်ရွက်လာနိုင်မှာဖြစ်ကြောင်း၊ အသင်းဝင်များ နယ်မြေလူထုအတွင်း တက်ကြွစွာ ပါဝင်လုပ်ဆောင်ကြရင်း အသင်းကြီးနှင့်အတူ လူထုတစ်ရပ်လုံး တက်ကြွစွာလိုက်ပါဆောင်ရွက်လာအောင် ဆောင်ရွက်လာနိုင်ကြမှာဖြစ်ကြောင်း။

အမှုဆောင်များစီမံခန့်ခွဲမှု အထူးသင်တန်း၌ ယုံကြည်ချက်၊ ခံယူချက်မြင့်မားရေး၊ နိုင်ငံ့သားကောင်းအရည်အချင်းပြည့်ဝရေး၊ ခေါင်းဆောင်မှုနှင့် ခေါင်းဆောင်မှုအားခံယူရေး၊ စီမံခန့်ခွဲရေး၊ အမျိုးသားနိုင်ငံရေး၊ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဘာသာရပ်များကို ဆွေးနွေးပို့ချသွားမှာဖြစ်ကြောင်း၊ မှန်ကန်သောဦးဆောင်မှုကို ခံယူကျင့်သုံးခြင်းဖြင့် စုစည်းညီညွတ်သော အင်အားအဖြစ် တည်ဆောက်နိုင်ရန်အတွက် ဦးတည်ဆွေးနွေးသွားမှာဖြစ်ကြောင်း၊ အသင်းအဆင့်ဆင့်နှင့် အသင်းဝင်များအနေနှင့် မှန်ကန်သည့် ဦးဆောင်မှုအဆင့်ဆင့်ကို ခံယူနိုင်မှသာ အတွေးအခေါ်ညီညွတ်မှု၊ စိတ်ဓာတ်ရေးရာညီညွတ်မှု၊ အလုပ်ညီညွတ်မှုကို ရရှိပြီး ရည်မှန်းချက်ကို အောင်မြင်အောင် ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း၊ အတွေ့အကြုံရှိသည့် နည်းပြများက ရှုထောင့်အသီးသီးက ဆွေးနွေးပို့ချသွားကြမှာဖြစ်ကြောင်း။

အေးချမ်းတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အသင်းအဆင့်ဆင့် ခေါင်းဆောင်များ၏ အရည်အချင်းထက်မြက်မြင့်မားမှ အသင်းကြီး၏ ရည်မှန်းချက်များ၊ ရှေ့လုပ်ငန်းစဉ်များ သွက်လက်လျင်မြန်စွာနှင့် အောင်မြင်အောင်ဆောင်ရွက်ပြီး ပြည်သူကို အကျိုးပြုနိုင်မှာဖြစ်ကြောင်း၊ မိမိတာဝန်ယူ ဆောင်ရွက်နေရသည့် လက်ငင်းတာဝန်ထက် တစ်ဆင့်မြင့်ဖြစ်သည့် တာဝန်ကို ထမ်းဆောင်နိုင်သည့် ခေါင်းဆောင်မှုအရည်အချင်းနှင့် အသင်းကြီးနှင့် ခေါင်းဆောင်အဆင့်ဆင့်၏ လမ်းညွှန်မှုများကို လိုက်နာခံယူ အကောင်အထည်ဖော် ဆောင်ရွက်နိုင်သည့် နောက်လိုက်ကောင်း အရည်အချင်းများရှိနေရမှာ ဖြစ်ကြောင်း၊ ယုံကြည်ချက်၊ ခံယူချက်၊ ခိုင်မာမှု၊ ဗဟုသုတပြည့်ဝမှု၊ သတ္တိဗျတ္တိရှိမှု၊ ဖွဲ့လုံ့လဝီရိယရှိမှု၊ ခံနိုင်ရည်ရှိမှု၊ သစ္စာရှိမှု၊ စိတ်အားထက်သန်မှု၊ သည်းခံစိတ်ရှည်မှု၊ ဆက်ဆံရေးပြေပြစ်မှု၊ ရိုးသားကြိုးစားမှု၊ အကျင့်သီလသမာဓိပြည့်စုံမှု၊ ပြတ်သားစွာဆုံးဖြတ်တတ်မှု၊ ထိုးထွင်းဉာဏ်ပြည့်စုံမှု၊ တရားမျှတမှု စသည့် ခေါင်းဆောင်တစ်ဦး၌ရှိရမည့် အရည်အသွေးများပြည့်စုံနေအောင် နောက်လိုက်များ၏ ယုံကြည်စိတ်ချ ပူးပေါင်းလိုက်ပါ ဆောင်ရွက်လာအောင် ကြိုးပမ်းဆောင်ရွက်ရမှာဖြစ်သကဲ့သို့ ရည်မှန်းချက်ကို ပေါက်မြောက်အောင်မြင်ရန် ချမှတ်ထားသည့် လမ်းညွှန်မှုများအတိုင်း လိုက်နာကြမည်ဆိုသည့် ခံယူမှုမျိုး ရှိနေကြရမှာဖြစ်ကြောင်း။

ခေါင်းဆောင်ကောင်း အရည်အချင်းပြည့်စုံရုံမက နောက်လိုက်ကောင်း အရည်အချင်းများလည်း ရှိကြရမှာဖြစ်ကြောင်း၊ ခေါင်းဆောင်နှင့် နောက်လိုက်သည် ခွဲခြားမရ တစ်ဆက်တစ်စပ်တည်း ဖြစ်ကြောင်း၊ နောက်လိုက်ကောင်းဖြစ်မှ ခေါင်းဆောင်ကောင်းဖြစ်ကြောင်း၊ ခေါင်းဆောင်တစ်ဦးဖြစ်ရန် နောက်လိုက်တစ်ဦးက စတင်ကြောင်း၊ ခေါင်းဆောင်အဖြစ် ဦးဆောင်နေသည့် တစ်ချိန်တည်းမှာပင် နောက်လိုက်အဖြစ် ခံယူလိုက်နာ သင်ယူနေရကြောင်း၊ နောက်လိုက်တစ်ဦးအနေနှင့် ခေါင်းဆောင်များသည် မိမိထက်ကြီးလေးများပြားသည့် တာဝန်များကို ထမ်းဆောင်နေရသည်ဆိုသည်ကို ခံယူနားလည်ပြီး လိုက်နာပူးပေါင်းဆောင်ရွက်ရမှာဖြစ်ကြောင်း၊ ခေါင်းဆောင်များ၏ ဦးဆောင်မှုအပေါ် ယုံကြည်စွာ၊ သစ္စာရှိစွာနှင့် ခံယူလိုက်နာဆောင်ရွက်ရမှာဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် အသင်းကြီးက အားထားရသည့် နောက်လိုက်ကောင်းဖြစ်အောင်၊ ခေါင်းဆောင်ကောင်းဖြစ်အောင် လေ့ကျင့်ပျိုးထောင်ရမှာဖြစ်ကြောင်း။

နိုင်ငံတော်သစ်ထူထောင်ရာတွင် အခြေခံလိုအပ်ချက်များဖြစ်သည့် နိုင်ငံတော်တည်ငြိမ်ရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ စီးပွားရေး ခိုင်မာတောင့်တင်းရေးနှင့် အမျိုးသားပညာရည် မြင့်မားရေးတို့ကို အစီအစဉ်ရှိရှိ အကောင်အထည်ဖော်လျက်ရှိကြောင်း၊ အသင်းကြီးကလည်း ထိရောက်အောင်မြင်စွာ ပါဝင်ဆောင်ရွက်နိုင်အောင် နှစ်စဉ်သင်းလုံးကျွတ်အစည်းအဝေးကြီးများက ရှေ့လုပ်ငန်းစဉ်များချမှတ်ပြီး အစီအစဉ်တကျ အကောင်အထည်ဖော် ဆောင်ရွက်နေပါကြောင်း၊ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၅)က နိုင်ငံတော်၊ နိုင်ငံသားများ၏ ပကတိအခြေအနေ လက်တွေ့ဘဝနှင့် ကိုက်ညီသည့် ရှေ့လုပ်ငန်းစဉ်(၉)ရပ် ချမှတ်ပြီး အသင်းအဆင့်ဆင့်က အရှိန်အဟုန်နှင့် အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း။

ဆက်စပ်ရှင်းလင်း

အသင်းကြီး၏ ရှေ့လုပ်ငန်းစဉ်များသည် ပြည်သူများ၏အကျိုး၊ နိုင်ငံတော်၏အကျိုးကို ရှေးရှုရည်မှန်းထားခြင်း ဖြစ်သည့်အတွက် အသင်းကြီးအနေနှင့် အကျိုးပြုလုပ်ငန်းများလုပ်တိုင်း နယ်မြေလူထုကို ရှေ့လုပ်ငန်းစဉ်နှင့် ဆက်စပ်ရှင်းလင်းပြဖို့လည်း လိုပါကြောင်း၊ မိမိတို့အသင်းဝင်များ၏ အကျိုးပြုလုပ်ဆောင်မှုတိုင်းကို အသင်းကြီးနှင့် ဆက်စပ်ပေးသွားကြရမှာဖြစ်ကြောင်း၊ သို့မှသာ နယ်မြေလူထုအနေနှင့် အသင်းကြီးက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များအပေါ် လက်တွေ့အကျိုးပြုလုပ်ငန်းများနှင့် ဆက်စပ်နားလည်ပြီး ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုရရှိလာမှာဖြစ်ကြောင်း။

လေ့ကျင့်ပျိုးထောင်ရေး ရှေ့လုပ်ငန်းစဉ်ကို ဖော်ဆောင်ရာ၌ ယခုနှစ်ခါနွေဦး ကာလတွင် ဗဟိုအဆင့်မှ ကျေးလက်အဆင့်အထိ နေရာပေါင်း ၂၅၄၀၆ နေရာတွင် ကျွမ်းကျင်မှုဆိုင်ရာသင်တန်းများ၊ နိုင်ငံတကာရေးရာသင်တန်းများ၊ အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းများ၊ စီမံခန့်ခွဲရေးသင်တန်းများ၊ အသက်မွေးမှု အတတ်ပညာသင်တန်းများဖွင့်လှစ်ပြီး အင်အား ၃၀၀၂၁၂၈ ကို လေ့ကျင့်ပျိုးထောင်ပေးခဲ့ကြောင်း။

လေ့ကျင့်ပျိုးထောင်မှုများကြောင့် အချုပ်အခြာအာဏာ၏တန်ဖိုး၊ ပြည်ထောင်စုကြီး၏တန်ဖိုး၊ စည်းလုံးညီညွတ်ခြင်း၊ လွတ်လပ်ခြင်း၊ ငြိမ်းချမ်းခြင်း၏ တန်ဖိုးကို နားလည်ပြီး ပြည်ထောင်စုကြီးကို ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်လိုသူများ၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များ ထိန်းသိမ်းလိုသူများ၊ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကို မြတ်နိုးတွယ်တာ ကာကွယ်စောင့်ရှောက်လိုသူများ ရရှိစေကြောင်း၊ အနာဂတ်နိုင်ငံတော်အတွက် အရည်အချင်း အရည်အသွေးမြင့်မားသည့် နိုင်ငံသားကောင်းများ၊ လူ့စွမ်းအားအရင်းအမြစ်များ ဖော်ဆောင်ပေးနေခြင်းဖြစ်ပါကြောင်း။

ထည်ဝါစွာရပ်တည်

နိုင်ငံတော်ကြီးသည် ရှေးနှစ်ပေါင်း ရာစုထောင်ချီပြီး ကိုယ်ပိုင်ယဉ်ကျေးမှုနှင့် လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင် နိုင်ငံတော်အဖြစ် ရပ်တည်ခဲ့ခြင်းသာဖြစ်ကြောင်း၊ တိုင်းရင်းသားများသည် အဆင့်အတန်းမြင့်မားသည့် ယဉ်ကျေးမှုနှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်တို့ကို လက်ဆင့်ကမ်းထိန်းသိမ်းရင်း နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးကို ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်အပြည့်ဖြင့် ကာကွယ်စောင့်ရှောက်ခဲ့၍ ကမ္ဘာ့အလယ်တွင် ထည်ဝါစွာရပ်တည်ခဲ့ခြင်းဖြစ်ကြောင်း။

☆ **နိုင်ငံတော်သစ် ထူထောင်ရာတွင် အခြေခံလိုအပ်ချက်များ ဖြစ်သည့် နိုင်ငံတော်တည်ငြိမ်ရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ စီးပွားရေး ခိုင်မာတောင့်တင်းရေးနှင့် အမျိုးသားပညာရည်မြင့်မားရေးတို့ကို အစီအစဉ်ရှိရှိ အကောင်အထည်ဖော်လျက်ရှိ။**

☆ **အသင်းကြီးကလည်း ထိရောက်အောင်မြင်စွာ ပါဝင်ဆောင်ရွက်နိုင်အောင် နှစ်စဉ် သင်းလုံးကျွတ်အစည်းအဝေးကြီးများက ရှေ့လုပ်ငန်းစဉ်များချမှတ်ပြီး အစီအစဉ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နေ။**

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဆိုသည်မှာ ပြည်ထောင်စု၏ မည်သည့်နေရာတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် မွေးမြူသွားရမှာဖြစ်ကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်ကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်သည် ဒို့တာဝန်အရေးသုံးပါး၏ အခြေခံဖြစ်ကြောင်း၊ ဒို့တာဝန်အရေးသုံးပါး ခံယူသူများကသာ နိုင်ငံတော်ကြီးကို အေးချမ်းတည်ငြိမ်အောင်၊ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း၊ တိုင်းရင်းသားပြည်သူများကြား ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် အစဉ်ရှင်သန်အောင် ကြိုးပမ်းဆောင်ရွက်နေကြရမှာဖြစ်ကြောင်း။

ဦးဆောင်ပါဝင်

နိုင်ငံတော်၏ လူဦးရေ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်နေပြည်သူများဖြစ်ကြောင်း၊ ကျေးလက်သည်နိုင်ငံတော်၌ အခြေခံအကျဆုံးဒေသဖြစ်ကြောင်း၊ ကျေးလက်ဒေသမှာ နေထိုင်သည့် တိုင်းရင်းသားများသည် အခြေခံအကျဆုံးပြည်သူများဖြစ်ကြောင်း၊ ကျေးလက်မှ မြို့နယ်၊ မြို့နယ်မှ ခရိုင်၊ ခရိုင်မှ ပြည်နယ်/တိုင်း၊ ပြည်နယ်/တိုင်းမှ ဗဟိုအဆင့်ဆင့် ဖွံ့ဖြိုးတိုးတက်ရေးကို တည်ဆောက်ရမှာဖြစ်ကြောင်း၊ အခြေခံအကျဆုံးဖြစ်သည့် ကျေးလက်ဒေသမှ ပြည်ထောင်စုကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးလက်လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ ရေရရှိရေး၊ ပညာရေးအဆင့်အတန်းမြင့်မားရေး၊ ကျန်းမာရေး စောင့်ရှောက်မှုမြင့်မားရေး၊ စီးပွားရေးခိုင်မာတောင့်တင်းရေးစသည့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်နှင့်အတူ၊ ကျေးလက်မီးလင်းရေး၊ ကျေးလက်စာကြည့်တိုက်များ ဖွင့်လှစ်ရေး၊ ဒီဇယ်အစားထိုး ဇီဝလောင်စာ ကြက်ဆူပင်စိုက်ပျိုးရေးတို့ကို ဆောင်ရွက်နေကြောင်း၊ အသင်းကြီးအနေနှင့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ အောင်မြင်ရေးကို အမျိုးသားရေးတာဝန်အဖြစ်ခံယူပြီး တက်ကြွစွာ ဦးဆောင်ပူးပေါင်းပါဝင် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော် တည်ဆောက်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း၊ ပထမအဆင့် အမျိုးသားညီလာခံကြီးကျင်းပပြီး ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရေး ဆောင်ရွက်နေကြောင်း၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပေါ်ပေါက်ရေးသည် နိုင်ငံသားတိုင်း၏ အမျိုးသားရေးတာဝန်ဖြစ်ကြောင်း၊ အသင်းကြီးကလည်း နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ကျရာအခန်းကဏ္ဍက တက်တက်ကြွကြွ အင်တိုက်အားတိုက် ဦးဆောင်ပူးပေါင်းပါဝင် ဆောင်ရွက်သွားရမှာဖြစ်ကြောင်း။

နိဂုံးချုပ်အနေနှင့် မှာကြားလိုသည်မှာ—

- **သင်တန်းသားများသည် ပြည်နယ်၊ တိုင်း၊ ခရိုင်အသင်း အလုပ်အမှုဆောင်များဖြစ်၍ နိုင်ငံတော်၏ ပကတိအရှိတရားကို သိမြင်၊ မိမိထမ်းဆောင်နေရသည့် တာဝန်၏အရေးပါမှုကို နားလည်ပြီး အရည်အသွေး၊ အရည်အချင်း တိုးတက်မြင့်မားအောင် ကြိုးပမ်းဆောင်ရွက်ကြပါ။**
- **တိုင်းရင်းသားပြည်သူများအကြား ဒို့တာဝန်အရေးသုံးပါး ခံယူလိုစိတ်၊ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်နှင့် ပြည်သူ့အကျိုး၊ နိုင်ငံအကျိုး သယ်ပိုးဆောင်ရွက်လိုစိတ်များ အစဉ်ရှင်သန်ထွန်းကားပြန့်ပွားအောင် ကြိုးပမ်းဆောင်ရွက်ကြပါ။**
- **ဒို့တာဝန်အရေးသုံးပါး၊ ဦးတည်ချက်(၁၂)ရပ်၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၊ ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်နှင့် အသင်းရှေ့လုပ်ငန်းစဉ်(၉)ရပ် အောင်မြင်ရေး ကြိုးပမ်းဆောင်ရွက်ကြပါ။**
- **နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို ပြည်သူများ၏ စုစည်းညီညွတ်သည့်အားကို စည်းရုံးရယူပြီး အောင်မြင်အောင်၊ အကောင်အထည်ဖော်နိုင်အောင် ကြိုးစားကြပါ။**
- **အဖျက်အမှောင့် အန္တရာယ်များကိုလည်း မပြတ်သောသတိနှင့် ကာကွယ်တားဆီး သွားကြပါ**ဟု တိုက်တွန်းပြောကြားပြီး သင်တန်းဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားအပြီးတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ (သတင်းစဉ်)

❁ မလေးရှားနိုင်ငံမှ

အာကာသခရီးသည်အဖြစ် လိုက်ပါရန် ပဏာမရွေးချယ်ခံထားရသူ လေးဦးမှာ မိုဟာမက်ဖစ်ဇ် (၃၄)နှစ်၊ ဖစ်ခါလိ (၂၆)နှစ်၊ ရှိတ်မူဇာဖာ (၃၄)နှစ်၊ ဗာနာဂျားဆီဗား(၃၅)နှစ်တို့ ဖြစ်ကြသည်။ ဗာနာဂျားဆီဗားသည် အဆိုပါ လေးဦးအနက် တစ်ဦးတည်းသော အမျိုးသမီးဖြစ်သည်။

မလေးရှားနိုင်ငံသည် ၂၀၀၃ ခုနှစ်က ရုရှားနိုင်ငံထံမှ ဆူမ့်ိုင်းတိုက်လေယာဉ် ၁၈စင်း ဝယ်ယူနိုင်ရန် နှစ်နိုင်ငံစာချုပ်တစ်ရပ် ချုပ်ဆိုခဲ့ရာတွင် မလေးရှားလူမျိုးတစ်ဦးကို ရုရှားဒုံးပျံယာဉ်ဖြင့် နိုင်ငံတကာ အာကာသစခန်းယာဉ်သို့ လိုက်ပါခွင့်ပေးရန် ရုရှားအာကာသအေဂျင်စီက သဘောတူညီခဲ့သည်။ ယင်းသဘောတူညီချက်အရ မလေးရှားအစိုးရက နိုင်ငံသားမည်သူမဆို အာကာသခရီးသည်အဖြစ် လျှောက်ထားခွင့်ပြုခဲ့သည်။

နောက်ဆုံး ဆန်ကာတင် ရွေးချယ်ခံရသူ လေးဦးအနက် တစ်ဦးကို မလေးရှားနိုင်ငံ၏ အာကာသခရီးသည်အဖြစ်လည်းကောင်း၊ အခြားတစ်ဦးကို အရန်အဖြစ်လည်းကောင်း ဩဂုတ် သို့မဟုတ် စက်တင်ဘာလတွင် အပြီးသတ်ရွေးချယ်ကာ လေ့ကျင့်သင်တန်းပေးမည် ဖြစ်သည်။

အင်တာနက်။

ကိုရီးယားသမ္မတနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် လေ့ကျင့်ရေးရေယာဉ် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

ရန်ကုန် မေ ၂၂

ကိုရီးယားသမ္မတနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်မှ သင်တန်းသားများနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ရေကြောင်းပညာသိပ္ပံမှ ကျောင်းဆင်းအရာရှိလောင်း သင်တန်းသား လေးဦး စုစုပေါင်းသင်တန်းသား ၁၁၆ ဦးတို့ လိုက်ပါလာသည့် ကိုရီးယားသမ္မတနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၏ လေ့ကျင့်ရေးရေယာဉ် HAN BADA သည် ကမ္ဘာအနှံ့နိုင်ငံများသို့ လက်တွေ့ လေ့ကျင့်ရေးခရီးစဉ်အဖြစ် မြန်မာနိုင်ငံသို့ မေ ၁၈ ရက်တွင် ရောက်ရှိလာပြီး ယနေ့ နံနက် ၉ နာရီ ၁၅ မိနစ်တွင် ခရီးစဉ်အတိုင်း ရန်ကုန်မြို့ နန်းသီတာဆိပ်ကမ်းမှ ဆက်လက်ထွက်ခွာသွားသည်။

နှုတ်ခွန်းဆက်စကားပြောကြား

အဆိုပါရေယာဉ် မထွက်ခွာမီ ပို့ဆောင်နှုတ်ဆက်သည့် အခမ်းအနားကို ရေယာဉ်ပေါ်၌ ကျင်းပရာ ရှေးဦးစွာ ရေကြောင်းပညာသိပ္ပံကျောင်း ကျောင်းအုပ်ကြီး ဦးဝင်းသိမ်းက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် HAN BADA သင်္ဘောကပ္ပတိန် Mr. Lee Hyong Ki က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီးနောက် အခမ်းအနားကို ရုပ်သိမ်းသည်။

အဆိုပါ အခမ်းအနားသို့ ရေကြောင်းပညာတက္ကသိုလ်ပါမောက္ခချုပ် ဦးသိန်းထွန်း၊ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ဦး၊ မြန်မာ့ ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဌေးနှင့် ဌာနမှူးများ၊ သင်တန်းနည်းပြများ၊ အရာရှိလောင်း သင်တန်းသားများ တက်ရောက်ကြပြီး HAN BADA ရေယာဉ်မှ သင်တန်းသားများအား နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

ကိုရီးယား သမ္မတနိုင်ငံ ရေကြောင်းပညာ တက္ကသိုလ် လေ့ကျင့်ရေးရေယာဉ် HAN BADA ရန်ကုန်မြို့ နန်းသီတာဆိပ်ကမ်းမှ ပြန်လည်ထွက်ခွာသွားသည်ကို တွေ့ရစဉ်။
(သတင်းစဉ်)

ရန်ကုန် ဆရာအတတ်သင်သိပ္ပံ(ကံဘဲ့) ရန်ကင်းပညာရေးကောလိပ် အာစရိယပူဇော်

ရန်ကုန် မေ ၂၂

ရန်ကုန် ဆရာအတတ်သင်သိပ္ပံ(ကံဘဲ့)/ရန်ကင်းပညာရေးကောလိပ် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပဥ္စမအကြိမ် အာစရိယပူဇော်ပွဲကို မေ ၂၀ ရက် နံနက် ၉ နာရီက အဆိုပါ ကောလိပ်ခန်းမတွင် ကျင်းပခဲ့ရာ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီး ၉၅ ဦးနှင့် ဖိတ်ကြားထားသော ပုဂ္ဂိုလ်များ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ စုံစုံညီညီ တက်ရောက်ကြသည်။ **(အောက်ပုံ)**

အဆိုပါ အခမ်းအနားတွင် ပူဇော်ကန်တော့ခံ ဆရာကြီး ဦးခင်မောင်ရင် (ယခင်ကျောင်းအုပ်ကြီး)နှင့် ဆရာမကြီး ဒေါ်ခင်ခင်ထွေး (ယခင် ကထိက ပညာရေး)တို့က ဩဝါဒစကားပြောကြားပြီး ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံမှ ပေးပို့သည့် ဝမ်းမြောက်စကားကို ကျောင်းအုပ်ကြီး ဦးမဲအောင်က ဖတ်ကြားသည်။ ထို့နောက် ကျောင်းသားဟောင်း ဦးနု၊ ဦးခင်မောင်စိုးနှင့် ဦးရန်နောင်တို့က မြတ်ဆရာတို့၏ ဂုဏ်ကျေးဇူးနှင့် အနန္တမေတ္တာကို ဖော်ကျူးကြသည်။

အဆိုပါ ပူဇော်ကန်တော့ပွဲတွင် ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများအား ကျန်းမာရေး အထောက်အကူပြု ဆေးဝါးများ၊ အလှူငွေနှင့် ပစ္စည်းများကို လှူဒါန်းကုသိုလ်ပြုခဲ့ကြသည်။ (ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၃-၅-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်
- ၈:၀၀ ၆။ အတီးပြိုင်ပွဲ
- ၈:၀၅ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈:၁၅ ၈။ အကပြိုင်ပွဲ
- ၈:၂၀ ၉။ သင်ပုန်းရေလှောင်တမံ (မန္တလေးတိုင်း)
- ၈:၃၀ ၁၀။ International News.
- ၈:၄၅ ၁၁။ Happy and Educational English Summer Course MRTV.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Everyday Use.
- ၄:၄၀ ၄။ အဆိုပြိုင်ပွဲ
- ၄:၄၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (ဓာတုဗေဒအထူးပြု)(ဓာတုဗေဒ)
- ၅:၀၀ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၅:၁၅ ၇။ ခံစားနားဆင် တေးဓာတ်ဝင်
- ၅:၂၅ ၈။ **"ရောင်ပြန်ဟပ်ခြင်း" (မင်းအုပ်စိုး၊ကုသိုလ်) (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)**
- ၅:၃၀ ၉။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၂။ အကပြိုင်ပွဲ
- ၆:၅၀ ၁၃။ သားငါးဖွံ့ဖြိုးပြည့်အကျိုး
- ၇:၀၀ ၁၄။ အတီးပြိုင်ပွဲ
- ၇:၁၅ ၁၅။ ပန်းလှိုင်တံတား
- ၇:၃၀ ၁၆။ ကြေးမုံရိပ်သွင် တေးနှယ်ဉ်
- ၇:၄၅ ၁၇။ မြန်မာမှုပန်းဆယ်မျိုး(ပန်းထိမ်)
- ၈:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အိပ်မက်ကမ္ဘာ" (အပိုင်း-၁၆)**
- ၂၂။ နောက်တစ်နေ့အစီအစဉ်
- ၂၃။ အစီအစဉ်ပြီး၏။

နေပြည် သီတဂူ ရေအလှူတော် အထူးတရားပွဲ

ရန်ကုန် မေ ၂၂

စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ အဓိပတိဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ (D.Litt)(Ph.D) သည် ရေဝတီတိုင်း၊ နေပြည်မြို့နယ်၊ မဟာဗန္ဓုလလမ်း မီးကွင်းစေတီအနီးတွင် (၁၃၆၈ ခုနှစ် ကဆုန်လပြည့်ကျော် ၁၄ ရက်)၊ ၂၅-၅-၂၀၀၆ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် နေပြည်မြို့နယ် သီတဂူရေအလှူတော် ဖြစ်မြောက်ရေးအဖွဲ့မှ သီတဂူရေအလှူတော် အထူးတရားပွဲ ကျင်းပမည် ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

အာရှဘိလိယက် (တစ်ဦးချင်း)ပြိုင်ပွဲ မြန်မာနိုင်ငံမှ အောင်ဆန်းဦး ဗိုလ်စွဲ

ရန်ကုန် မေ ၂၂

အီရန်နိုင်ငံ တီဟီရန်မြို့၌ မေ ၁၃ ရက်မှ ၂၀ ရက်အထိ (၅)ကြိမ်မြောက် အာရှဘိလိယက် (တစ်ဦးချင်း)ပြိုင်ပွဲကို ကျင်းပရာ မြန်မာနိုင်ငံမှ (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ နှစ်ယောက်တွဲ ရွှေတံဆိပ်ဆုရှင် အောင်ဆန်းဦးနှင့် ကျော်ဦးတို့ ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြသည်။

ပထမအကြိုဗိုလ်လုပွဲတွင် မြန်မာနိုင်ငံမှ အောင်ဆန်းဦးက ထိုင်းနိုင်ငံ ချန်ပီယံ ပါရာပွတ်ကို အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ ဒုတိယအကြို ဗိုလ်လုပွဲတွင် မြန်မာနိုင်ငံမှ ကျော်ဦးက အိန္ဒိယနိုင်ငံ ချန်ပီယံ JOSHI ကို ရှုံးနိမ့်ပြီး ထိုင်းနိုင်ငံမှ ပါရာပွတ်နှင့် ပူးတွဲ တတိယဆုရရှိသွားသည်။



အီရန်နိုင်ငံ တီဟီရန်မြို့၌ ကျင်းပသော (၅)ကြိမ်မြောက် အာရှဘိလိယက် (တစ်ဦးချင်း) ပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲပြီး ရွှေတံဆိပ်ဆု ရရှိသူ မြန်မာနိုင်ငံမှ အောင်ဆန်းဦးအား တွေ့ရစဉ်။
(သတင်းစဉ်)

မေ ၂၀ ရက် ဗိုလ်လုပွဲတွင် မြန်မာနိုင်ငံမှ အောင်ဆန်းဦးက အိန္ဒိယနိုင်ငံ ချန်ပီယံ JOSHI ကို ၅:၀ ဖြင့် အနိုင်ရရှိ ဗိုလ်စွဲသွားပြီး (၅)ကြိမ်မြောက် အာရှဘိလိယက်တစ်ဦးချင်း ချန်ပီယံအဖြစ် အောင်ပန်းဆွတ်ခူးနိုင်ခဲ့သည်။

အီရန်နိုင်ငံ တီဟီရန်မြို့၌ ကျင်းပသော (၅)ကြိမ်မြောက် အာရှဘိလိယက် (တစ်ဦးချင်း) ပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရရှိသူ မြန်မာနိုင်ငံမှ ကျော်ဦးအား တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံမှ နှစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ရာ အောင်ဆန်းဦးက ရွှေတံဆိပ်ဆုနှင့် ကျော်ဦးက ကြေးတံဆိပ်ဆု ဆွတ်ခူးရရှိကြပြီး လာမည့် (၁၅)ကြိမ်မြောက် အာရှအားကစားပွဲတော်အတွက် ဘိလိယက် တစ်ဦးချင်းနှင့် နှစ်ယောက်တွဲ ပြိုင်ပွဲများတွင် မြန်မာ့ဘိလိယက်အားကစား အောင်ပွဲခံနိုင်မည့် အလားအလာကောင်းများ ရှိနေသည်။

အောင်ပွဲရ မြန်မာဘိလိယက်အဖွဲ့သည် မေ ၂၃ ရက် ည ၉ နာရီတွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိမည်ဖြစ်သည်။
(သတင်းစဉ်)

ဝန်ကြီးမှ

ဝန်ကြီးသည် ညနေပိုင်းတွင် မြန်မာ့စားသောက်ကုန်လုပ်ငန်း အသင့်စားခေါက်ဆွဲစက်ရုံ(စစ်ကိုင်း)သို့ ရောက်ရှိကြည့်ရှုစစ်ဆေးပြီး စားသောက်ကုန်လုပ်ငန်းများဖြစ်သဖြင့် GMP စနစ်နှင့်အညီ ဆောင်ရွက် သွားရေး မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် စစ်ကိုင်းဂျုံစက်ရုံသို့ရောက်ရှိပြီး ကုန်ကြမ်းပစ္စည်းများ၊ ဂျုံမှုန့်ထုတ်လုပ်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ စက်ရုံရှင်းလင်းဆောင်၌ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ဝန်ကြီးသည် ညနေပိုင်းတွင် မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း အဏုဇီဝစိမ်းပြာရေညှိဆေးဝါးလုပ်ငန်းစက်ရုံ(ရေခါးစခန်း)သို့ ရောက်ရှိပြီး အဏုဇီဝစိမ်းပြာရေညှိဆပွားကန်များနှင့် စိမ်းပြာရေညှိများအား ဆယ်တင်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ စက်ရုံမှူး ဒေါက်တာမင်းသိမ်းက ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးသည် ပရိဗိမင်ဆေးဝါးထုတ်လုပ်ရေးစက်ရုံသို့ရောက်ရှိပြီး Tablet Compresson ဌာနရှိ Tableting Machine စက်များဖြင့် ပရိဗိမင်ဆေးပြား ထုတ်လုပ်မှုလုပ်ငန်းများ၊ Light Greey Room ရှိ စပီရိုလိုင်းနားဆေးတောင့်များ ဖြတ်တောက်ခြင်းလုပ်ငန်းများနှင့်ဘိုင်အိုမင်အားဆေး ထုတ်လုပ်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်း လိုအပ်ချက်များ မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် Process Control Lab သို့ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်မှုများနှင့် စိမ်းပြာရေညှိကတ်များ ထုတ်လုပ်မှုလုပ်ငန်းများ၊ ပြည်ပနိုင်ငံများသို့ပို့ရန် ပရိဗိမင်ဆေးထုပ်များ၏ ထုပ်ပိုးမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ငှက်ဖျားဆေးဖော်ထုတ်ရာတွင် အဓိကဖြစ်သော ပရဆေးပင် Artemisia (အာတီမီးစီးယား)များကို မျိုးထိန်းခြံ၌ မီးထွန်းစိုက်ပျိုးနည်းဖြင့် စိုက်ပျိုးထားမှုများကို ကြည့်ရှုစစ်ဆေးပြီး Artemisia ဆေးပင်များကို မြေဧကတိုးချဲ့လျက် တစ်အုပ်တစ်မ စိုက်ပျိုးသွားရေး မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ဂါလန်ခြောက်သောင်းဆံ့ ရေညှိအနှစ်စုကန် ၂၀တည်ဆောက်ပြီးစီးမှုနှင့် စိမ်းပြာရေညှိများမွေးမြူမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် မေ ၂၁ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း စဉ့်ကိုင်မြို့နယ် ဘဲလင်းကျေးရွာအနီးရှိ မြန်မာ့ကြေထည်မြေထည်လုပ်ငန်း ဘဲလင်းဂရင်းနိုက်စက်ရုံသို့ရောက်ရှိပြီး လုပ်ငန်းအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးပြီး တိုးတက်ထုတ်လုပ်သွားရေး မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် စက်ရုံရှင်းလင်းဆောင်သို့ ရောက်ရှိ၍ စက်ရုံထုတ် ဂရင်းနိုက်ကျောက်ပြားများကို ကြည့်ရှုစစ်ဆေးပြီး စက်ရုံမှူးနှင့် တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ကျောက်ဆည်စက်မှုဒေသရှိ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း အပ်ချုပ်စက်ရုံသို့ ရောက်ရှိပြီး ထုတ်လုပ်ပြီး အပ်ချုပ်စက်များအား စမ်းသပ်ချုပ်လုပ်မှု အခြေအနေ၊ ပြည်တွင်းပြည်ပကုန်ကြမ်းဖြင့် စက်အစိတ်အပိုင်း ၂၇မျိုး၊ သွင်းကုန်အစားထိုး စမ်းသပ်ထုတ်လုပ်လျက်ရှိသော ပစ္စည်းအစိတ်အပိုင်း အမျိုး ၃၀ ထုတ်လုပ်မှုများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် Foundry Shop သို့ရောက်ရှိပြီး ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် အိန္ဒိယနိုင်ငံမှ စက်မှုပညာရှင်များအား ဂုဏ်ပြုသစ်သီးခြင်းပေးအပ်ပြီးစက်ရုံမှ ထုတ်လုပ်သော အပ်ချုပ်စက်ခေါင်း၊ ကိုယ်ထည်၊ခြေနင်းနှင့် ဆက်စပ်ပစ္စည်းများ ထုတ်လုပ်မှုများကိုကြည့်ရှုစစ်ဆေးသည်။

မှာကြား

ထို့နောက် ကျောက်ဆည်ဒေသ စက်ရုံမှူးများနှင့်တွေ့ဆုံကာ ရည်မှန်းချက်တာဝန်များ ပြည့်မီကျော်လွန်ရန် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းထားရှိရေး၊ ထုတ်လုပ်မှုလုပ်ငန်းများ မြှင့်တင်ရန်နှင့် မိမိတို့၏လုပ်ငန်းများအပေါ် သစ္စာရှိရေးနှင့် စေတနာထားဆောင်ရွက်ရေး၊စက်ရုံတိုင်းခြိုးခြံချွေတာရေးမူအရ မလိုအပ်သော အသုံးစရိတ်များ မသုံးစွဲရေး၊ လုပ်ငန်းအောင်မြင်ရန် အထက်အောက် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားရေးတို့ကိုမှာကြားသည်။

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် မင်းစုကျေးရွာရှိ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း၊ ကြွေရည်စိမ်နှင့် စတီးလ်အိမ်သုံးပစ္စည်းစက်ရုံသို့ရောက်ရှိပြီး ထုတ်ကုန်ပစ္စည်းပြခန်းရှိ စတီးလ်အိမ်သုံးပစ္စည်းများ၊ ကြွေရည်သုတ် အိမ်သုံးပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် ကျောက်ဆည်မြို့နယ် အင်ရောင်းကျေးရွာသို့ ရောက်ရှိပြီး မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဆေးဝါးလုပ်ငန်းစက်ရုံ (အင်ရောင်း)ရှိ သွေးကြောသွင်းဆေးရည်ထုတ်လုပ်ရေးဌာနသို့ ရောက်ရှိပြီး စက်များတပ်ဆင်ထားရှိမှုနှင့် သွေးကြောသွင်းဆေးဘူး ထုတ်လုပ်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် P.E Bottle Washing စက်များ တပ်ဆင်ပြီးစီးမှု၊ Air Hand Ling Unite (AHU)စက်များတပ်ဆင်မှု၊ Hot Water Shower Sterilizer စက်များ တပ်ဆင်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက စက်များ အမြန်တပ်ဆင်လည်ပတ်သွားရေး မှာကြားခဲ့သည်။

(သတင်းစဉ်)

ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲ နိုင်ငံသားကျောက်မျက်လုပ်ငန်းရှင်များ တက်ရောက်နိုင်

ရန်ကုန် မေ ၂၂

၂၀၀၆ ခုနှစ် ဇွန်၊ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲကို လာမည့် ဇွန် ၂၀ ရက်မှစ၍ ကျောက်မျက်ရတနာပြပွဲခန်းမနှင့် မြန်မာကွန်ဗင်းရှင်းစင်တာတို့၌ ကျင်းပမည်ဖြစ်သည်။ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံသား လုပ်ငန်းရှင်များနှင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာများရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားများကို သတ်မှတ်ချက်များနှင့်အညီ အထူးရောင်းချပွဲသို့ တက်ရောက်ဝယ်ယူခွင့်ပြုမည်ဖြစ်သည်။

ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲသို့ တက်ရောက်လိုသူများသည် ဇွန်၈ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ကျောက်မျက်ရတနာပြပွဲခန်းမနှင့် မြန်မာကွန်ဗင်းရှင်းစင်တာတို့၌ ဖွင့်လှစ်ထားရှိသည့် စီမံရေးရာဆပ်ကော်မတီရုံးအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်နိုင်သည်။ (သတင်းစဉ်)

မြန်မာ-ဂျပန်မှ

"ဘယ်လိုအခက်အခဲဖြစ်ဖြစ် ပြီးအောင်ရိုက်မယ်လို့ ကျွန်တော်ဆုံးဖြတ်ထားတယ်။ အဲဒါကြောင့် ၂၀၀၃ ခုနှစ် မတ်လမှာ ပြန်ရိုက်ဖြစ်တယ်။ မေလ ၇ရက်မှာ အပြီးသတ်ရိုက်ကူးနိုင်ခဲ့တယ်။ ဇွန် ၈ ရက်ကနေ ၁၇ ရက်အထိတော့ လိုအပ်တဲ့ရှုခင်းတွေထပ်ရိုက်ဖို့ မြန်မာနိုင်ငံကိုပြန်လာခဲ့သေးတယ်"ဟု မစ္စတာကိုဂျိချီနိုက ရှင်းပြသည်။

စာရေးဆရာမကြီး ဂျာနယ်ကျော်မမလေး၏ဝတ္ထုကို အသက်သွင်းထားသည့် "သွေး"ဇာတ်ကားကို မြန်မာရုပ်ရှင်ဒါရိုက်တာကြီးများဖြစ်ကြသော ဒါရိုက်တာဦးတင်ယု၊ စံရွှေမောင်၊ အေဝမ်းမောင်လှမျိုးတို့က ပံ့ပိုးကူညီရိုက်ကူးပေးခဲ့ကြပြီး ရုပ်ရှင်သရုပ်ဆောင်များအဖြစ် ကျော်သူ၊ မင်းမော်ကွန်း၊ မျိုးသန္တာထွန်း၊ ဂျပန်မင်းသမီး Akari Asou နှင့် ဂျပန်မင်းသား Toshiyuki Nagashima တို့ သရုပ်ဆောင်ခဲ့ကြသည်။

"သွေး"ရုပ်ရှင်ကားကို ပထမဆုံးအထူးပွဲအဖြစ် ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၈ရက်တွင် တိုကျိုမြို့၌ပြသခဲ့သည်။ ထို့နောက် အခြားမြို့ကြီးများဖြစ်သော ကျိုတို၊ အိုဆာကာနှင့် ကိုဘေးမြို့များ၌ပါ ဆက်လက်ပြသခဲ့သည်။

"မြန်မာပြည်စစ်မြေပြင်မှာတာဝန်ထမ်းဆောင်ခဲ့ဖူးတဲ့ ဒုတိယကမ္ဘာ စစ်ပြန်ကြီးတွေ ပြသတဲ့နေရာတိုင်း လာကြည့်ကြတယ်။ တချို့ဆို ဘီးတပ်ကုလားထိုင်တွေနဲ့ လာကြတယ်။ တချို့ဆို ကီလိုမီတာ ၁၀၀လောက် ဝေးတဲ့အရပ်တွေကနေ ဘတ်စ်ကားစီးလုံးငှားလာကြည့်ကြတယ်။ ပြရာပွဲတိုင်းမှာ ရုံပြည့်ရုံလျှံပဲ"ဟု ဒါရိုက်တာကြီးက ဂုဏ်ယူစွာပြောကြားသည်။

မြန်မာ့သရုပ်ဆောင်များကို အကောင်းဆုံးစိစစ်ရွေးချယ်ထားသဖြင့် အားလုံးတကယ့်ကို ကြိုးစားကြကြောင်း၊ လုံ့လစိုက်ထုတ်သည့်အပိုင်းတွင် ဂျပန်သရုပ်ဆောင်များထက်ပင်သာလွန်ကြောင်း၊ ယင်းကို ရုပ်ရှင်ဇာတ်ကားကြီးတွင် မြင်တွေ့နိုင်မှာဖြစ်ကြောင်း မစ္စတာကိုဂျိချီနိုက မြန်မာရုပ်ရှင်သရုပ်ဆောင် များ၏ အရည်အသွေးကို ချီးကျူးသည်။

"သွေး"ရုပ်ရှင်ကားကို ဂျပန်နိုင်ငံတစ်ဝန်း၌ ယခုနှစ် နှစ်ကုန်ပိုင်း(သို့မဟုတ်) ၂၀၀၇ ခုနှစ် ဧပြီလခန့်တွင် ရုံတင်ပြသရန် စီစဉ်လျက်ရှိသည်။ မြန်မာနိုင်ငံ၌လည်း ထို့ထက်စော၍ ရုံတင်ပြသနိုင်ရန် ကြိုးစားနေကြောင်းလည်း သိရှိရသည်။

"အခုလို အခက်အခဲအမျိုးမျိုးကြားထဲက ပြသနိုင်တဲ့အထိ ရောက်လာတာဟာ မြန်မာနိုင်ငံက ပံ့ပိုးကူညီမှုတွေရရှိခဲ့လို့ပဲဖြစ်ပါတယ်။ အဲဒီလူတွေအားလုံးကို ကျေးဇူးတင်ပါတယ်"ဟု မစ္စတာကိုဂျိချီနိုက ပြောကြားသည်။

အသက်(၇၆)နှစ်အရွယ်ရှိပြီးဖြစ်သော တိုကျိုဖွား ဂျပန်ဒါရိုက်တာကြီးသည် မြန်မာနိုင်ငံ၌ ဇွန် ၂ရက်အထိ နေထိုင်မည်ဖြစ်ပြီး မြန်မာ့ရုပ်ရှင်လောကသားများနှင့်တွေ့ဆုံမှုများ ပြုလုပ်သွားဦးမည်ဖြစ်သည်။

(သတင်းစဉ်)

ကရာတေးဒိုနည်းစနစ်နှင့် ဒိုင်သင်တန်းဖွင့်မည်

ရန်ကုန် မေ ၂၂

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန၏ ဦးဆောင်မှုနှင့်အညီ မြန်မာ့ကရာတေးဒို အားကစားနည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက်ရည်ရွယ်လျက် မန္တလေးတိုင်းအတွင်းရှိ ကရာတေးဒို ကလပ်အသင်းများနှင့် မန္တလေးတိုင်းနှင့်နီးစပ်သော ပြည်နယ်နှင့်တိုင်းများမှ တက်ရောက်နိုင်ရေးအတွက် ကရာတေးဒို နည်းစနစ်နှင့်ဒိုင်သင်တန်း(၂/၂၀၀၆)ကို မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်၊ မန္တလေးတိုင်း အားကစားနှင့်ကာယပညာ ဦးစီးဌာနနှင့် မန္တလေးတိုင်း ကရာတေးဒိုဆပ်ကော်မတီတို့ညှိနှိုင်းလျက် ဇွန် ၄ ရက်မှ ၆ ရက်အထိ အောင်မြေသာစံမြို့နယ် အောင်မြေ မန္တလာမိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ကျင်းပမည်ဖြစ်ပြီး အခြားပြည်နယ်နှင့်တိုင်းများမှ တက်ရောက်သူများ တည်းခိုရေးအတွက် စီစဉ်ပေးမည်ဖြစ်သည်။

ယင်းကရာတေးဒို နည်းစနစ်နှင့်ဒိုင်သင်တန်း(၂/၂၀၀၆)သို့ တက်ရောက်ကြမည့်ပြည်နယ်နှင့်တိုင်း အသီးသီးရှိ ကရာတေးဒို ကလပ်အသင်းများမှ နည်းပြနှင့်ဒိုင်များသည် မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်ရုံးခန်း (ရန်ကုန်မြို့၊ အောင်ဆန်းအားကစားပြိုင်ဝင်း) ဖုန်း-၀၁-၃၇၉၉၃၉သို့ လည်းကောင်း၊ မန္တလေးတိုင်းကရာတေးဒိုဆပ်ကော်မတီအတွင်းရေးမှူး ဦးဇော်နိုင် (အမှတ်-၉၂၊ ၈၄ လမ်း၊ ၂၁လမ်း/၂၂လမ်းကြား၊ အောင်မြေသာစံမြို့နယ် ဖုန်း-၀၂-၇၁၄၀၃နှင့် ၀၂-၃၅၇၂၆တို့သို့ လည်းကောင်း ဇွန် ၁ ရက် နောက်ဆုံးထားအမည်စာရင်းပေးသွင်းရန်နှင့် သင်တန်းဖွင့်လှစ်မည့်နေရာသို့ ဇွန် ၃ ရက်တွင် လူကိုယ်တိုင် ရောက်ရှိသတင်းပို့ရမည်ဖြစ်သည်။ (ကြေးမုံ)

Khind Electrical & Electronic မှ မန်နေဂျင်းဒါရိုက်တာ U Bilal၊ ဒါရိုက်တာ Mohrmad Faisal အထူးဆုကြီးများဆွတ်ခူးရရှိသွားသော အရောင်းကိုယ်စားလှယ်သုံးဦးနှင့် မဟာကံထူးရှင် နှစ်ဦးတို့အား တွေ့ရစဉ်။ (သတင်းစဉ်)

Khind Electrical & Electronic ဂုဏ်ပြုလက်ဆောင်ပေးအပ်ပွဲကျင်းပ

ရန်ကုန် မေ ၂၂

မလေးရှားနိုင်ငံမှထုတ်လုပ်သည့် Khind Electrical & Electronic ၏ နွေရာသီ အထူးဈေးရောင်းပွဲတော်ကာလအတွင်း ရောင်းအားပြည့်မီ အရောင်းကိုယ်စားလှယ်ကြီးများအား အထူးဂုဏ်ပြု လက်ဆောင်ပေးပွဲနှင့် မဟာကံထူးရှင် ၁၂ဦးအားဆုချီးမြှင့်ပွဲအခမ်းအနားကို မေ ၂၁ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၏ ကုန်းဘောင်တကောင်းခန်းမဆောင်၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် အထူးဆုကြီးဖြစ်သော ငွေကျပ် ၁၈သိန်းတန်ဖိုးရှိ Nanosilver Poly Technology KHIND side by side Refrigerator ဆုကြီးများရရှိသွားသော အရောင်းကိုယ်စားလှယ်ကြီးများ ဖြစ်ကြသည့် Sein Gay Har Super Centre၊ City Mart Holding Co. Ltd. ၊ Kyaw Electronic တို့နှင့် မဟာကံထူးရှင်နှစ်ဦးဖြစ်သည့် တောင်ဥက္ကလာပမြို့နယ်မှ ဦးမင်းသိန်း၊ စမ်းချောင်းမြို့နယ်မှ ဒေါ်နီနီခိုင်တို့အပြင် အခြားအရောင်းကိုယ်စားလှယ်ကြီးများအား မန်နေဂျင်းဒါရိုက်တာ U Bilal (ခေါ်) ဦးကျော်ကျော်က လည်းကောင်း၊ ကျန်ရှိသူ မဟာကံထူးရှင် ၁၀ ဦးအား ဒါရိုက်တာ Mr. Mohrmad Faisal (ခေါ်) ဦးသူရကလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မလေးရှားနိုင်ငံ၏ (၄၅)နှစ် အတွေ့အကြုံဖြင့် အောင်မြင်ကျော်ကြားလျက်ရှိသော Khind Electronic ပစ္စည်းများ၏ ထုတ်လုပ်မှုအဆင့်ဆင့်ကို Coporate Radio ဖြင့်ရှင်းလင်းပြသခဲ့သည်။ ဧပြီ ၂၉ ရက်တွင် စိန်ဂေဟာစူပါစင်တာ၌ ကျင်းပခဲ့သော ကံစမ်းမဲဖွင့်ပွဲ အခမ်းအနားမှ ရရှိသွားသော ဆုမဲပေါင်း ၉၀ အနက် ကျန်ရှိသူ ၇၈ ဦးတို့အား လပြည့်ဝန်းပလာဇာဘေးရှိ Khind Electro World ၌ ဆုမဲများကို ထုတ်ပေးလျက်ရှိကြောင်းနှင့် မိုးရာသီသုံးလျှပ်စစ်ပစ္စည်းများဖြစ်သည့် Water Heater, Gas Cooker Hood (အနံ့စုပ်စက်), Vacuum Cleaner, Microwave Oven , Oven Toaster, Glasster Hop(မှန်မီးဖို)အစရှိသော လျှပ်စစ်ပစ္စည်းများကိုလည်း အထူးလျှော့ဈေးနှုန်းများဖြင့်ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ Khind ထုတ်ကုန်ပစ္စည်းများနှင့်ပတ်သက်၍ အသေးစိတ်သိလိုပါက ဖုန်း-၂၉၂၃၀၇ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

အမျိုးသားမီတာ (၁၆၀၀)အုပ်စု တစ်ဦးချင်း လူရွေးပွဲ တွင် ပြိုင်ပွဲဝင် အားကစားသမားများ အကြိတ်အနယ်ယှဉ်ပြိုင်စဉ်။

ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

မြန်မာနိုင်ငံမှ

ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် စက်ဘီးအားကစားဝါသနာရှင်များ ကြည့်ရှုအားပေးကြသည်။

ပထမနေ့ပွဲစဉ်များအဖြစ် အမျိုးသားမီတာ၁၆၀၀အုပ်စု တစ်ဦးချင်းလူရွေးပွဲ၊ အမျိုးသားမီတာ ၈၀၀ အုပ်စု တစ်ဦးချင်းလူရွေးပွဲ၊ အမျိုးသားမီတာ၁၀၀၀ တစ်ဦးချင်း စံချိန်ပြုဗိုလ်လုပွဲ၊ အမျိုးသမီးမီတာ၁၆၀၀အုပ်စု တစ်ဦးချင်းလူရွေးပွဲ၊ အမျိုးသမီးမီတာ ၈၀၀ အုပ်စု တစ်ဦးချင်းလူရွေးပွဲ၊ အမျိုးသမီးမီတာ၁၀၀၀ တစ်ဦးချင်း စံချိန်ပြုဗိုလ်လုပွဲတို့ ကျင်းပသည်။

ပြိုင်ပွဲသို့အမျိုးသား၇၃ဦး၊ အမျိုးသမီး ၂၀ ယှဉ်ပြိုင်ကြပြီး မေ ၂၅ ရက်ထိ ကျင်းပသွားမည်ဖြစ်သည်။ ပြိုင်ပွဲများကို နေ့စဉ် နံနက် ၈ နာရီတွင် စတင်ကျင်းပသွားမည်ဖြစ်သည်။ (ကြေးမုံ)

ကြေးမုံ The Mirror

အင်တာနက် သတင်းများ

ကြီးထွားမှု ပရိုတိန်းလွန်ကဲသူ အမျိုးသမီးများသည် အမြွှာကလေးများကို ရရှိစေနိုင်သည်။
(ဓာတ်ပုံ-အင်တာနက်)

နို့နှင့်နို့ထွက်ပစ္စည်း စားသုံးခြင်းလွန်ကဲပါက အမြွှာကလေးများ မွေးဖွားနိုင်မှုအခွင့်အလမ်းများ

လောင်းအိုင်းလင်း မေ ၂၂

အမျိုးသမီးများသည် တိရစ္ဆာန်နှင့်သက်ဆိုင်သော ထုတ်ကုန်ပစ္စည်း အထူးသဖြင့် နို့နှင့်နို့ထွက်ပစ္စည်း များကို စားသုံးခြင်းဖြင့် ယင်းသို့သောအစားအစာများကို စားသုံးခြင်းမရှိသူ အမျိုးသမီးများထက် အမြွှာကလေးများ ဖွားမြင်နိုင်သည့် အခွင့်အလမ်းငါးဆပိုမိုများပြားကြောင်း လောင်းအိုင်းလင်း ရဟူဒီဆေးဘက်ဆိုင်ရာဗဟိုဌာနမှ သုတေသနအဖွဲ့တစ်ဖွဲ့က မေ ၂၂ရက်တွင် ပြောကြားသည်။

တိရစ္ဆာန်၏ အသည်းမှ ထုတ်လုပ်သော IGFဟုခေါ်သည့် ဖွံ့ဖြိုးမှုပရိုတိန်းတစ်မျိုးသည် တိရစ္ဆာန်၏သွေးအတွင်း လှည့်ပတ်ပြီးနောက် နို့အတွင်းသို့ရောက်ရှိကြောင်း၊ ဖွံ့ဖြိုးမှုပရိုတိန်းသည် အမျိုးသမီးများ၏ ကိုယ်ခန္ဓာအတွင်းသို့ ရောက်ရှိသွားသည့်အခါ သန္ဓေသားလောင်း တည်စအခြေအနေတွင် ယင်းသန္ဓေသားလောင်း၏ ဖွံ့ဖြိုးရှင်သန်မှုကို အားပေးကြောင်း IGF စုဝေးမှုလွန်ကဲလာခြင်းဖြင့် အမြွှာကလေးများမွေးဖွားရန် အခွင့်အလမ်းများကြောင်း သုတေသီများကပြောကြားသည်။ ***အင်တာနက်***

နို့နှင့် နို့ထွက်ပစ္စည်း အဓိက ထုတ်လုပ်သည့် နယ်သာလန်နိုင်ငံရှိ နို့စားနွားမွေးမြူရေးခြံတစ်ခြံတွင် နွားသား အမိကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၃-၅-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
- **၇:၁၅** ၄။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၆။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၂။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
- **၄:၁၅** ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၄:၂၅** ၅။ လက်စွမ်းပြဟန်ဂီတသံ
- **၄:၃၀** ၆။ အလွမ်းတေးပန်းချီချစ်သူဆီ
- **၄:၄၀** ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- **၄:၅၀** ၈။ မျိုးချစ်တပ်မတော်
- **၅:၁၀** ၉။ ပညာခေတ်
- **၅:၄၅** ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၂။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၃။ မိုးလေဝသသတင်း
- **၆:၂၅** ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၄၀** ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မေတ္တာသည်သာ" (အပိုင်း-၁၈)**
- **၈:၀၀** ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ ကျန်းမာသုတ
- ၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကောင်းကင်သိုင်းကွက်" (အပိုင်း-၃၂)**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

မြန်မာကိုယ်စားလှယ်အဖွဲ့ ကာတာနိုင်ငံသို့ထွက်ခွာ

ရန်ကုန် မေ ၂၂

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကာတာနိုင်ငံ ဒိုဟာမြို့၌ မေ ၂၃ ရက်မှ ၂၄ရက်အထိ ကျင်းပမည့် (၅)ကြိမ်မြောက် အာရှပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးများအစည်းအဝေးသို့တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ဒုတိယဝန်ကြီး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အကြံပေးအရာရှိ ဦးအောင်သန်းနှင့် ရုံးအဖွဲ့မှူး ဦးစိန်ဦးတို့ လိုက်ပါသွားကြသည်။

(သတင်းစဉ်)

ခေတ်မီအကောက်ခွန်နှင့် စီမံခန့်ခွဲရေးသင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် မေ ၂၂

အာဆီယံ နိုင်ငံများအတွင်း စုစည်းညီညွတ်မှုရှိရန် ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစီမံကိန်း(Initiative for ASEAN Integration IAI- Work Plan Project) အရ အာဆီယံ အတွင်းရေးမှူးရုံး၏ အစီအစဉ်ဖြင့် မြန်မာနိုင်ငံ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့က တာဝန်ယူအကောင်အထည်ဖော် ဆောင်ရွက်သော ခေတ်မီအကောက်ခွန်နှင့် စီမံခန့်ခွဲရေးသင်တန်း (IAI- Training Course on: Customs Modernization and Management)ကို ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ အာဆီယံ အတွင်းရေးမှူးရုံး Initiative for ASEAN Integration (IAI) Unit မှ Technical Officer (Project), Mr. Agus Nugroho နှင့် ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှကြည်တို့က အမှာစကားပြောကြားကြသည်။

အဆိုပါ သင်တန်းကို မေ ၂၄ရက်အထိ ကျင်းပမည်ဖြစ်ပြီး စင်ကာပူ သမ္မတနိုင်ငံ International Trade Institute of Singapore မှ တာဝန်ရှိသူများ လာရောက်ပို့ချကာ မြန်မာနိုင်ငံ အကောက်ခွန်ဦးစီးဌာနမှ အရာရှိ ၂၀တို့ တက်ရောက်ကြသည်။

ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့သည် အာဆီယံနိုင်ငံများအတွင်း စုစည်းညီညွတ်မှုရှိရန် ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစီမံကိန်းတွင် ပါဝင်သည့် နိုင်ငံပိုင်ကဏ္ဍ၏ စွမ်းဆောင်မှုတည်ဆောက်ရေး (Public Sector Capacity Building) သင်တန်းများနှင့် စပ်လျဉ်း၍ ဆက်သွယ်ရန်အဖွဲ့အစည်း (Focal Point) အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်းနှင့် သက်ဆိုင်ရာ ကဏ္ဍအလိုက်နောက်ထပ်သင်တန်းရှစ်ခုကို ၂၀၀၆ ခုနှစ် အတွင်း ဆက်လက် ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

(သတင်းစဉ်)



မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်နိုင်

၂၀၀၆ခုနှစ် မေ ၂၂ ရက် မွန်းလွဲ ၂နာရီထုတ်ပြန်ချက် ယနေ့နံနက် ၉:၃၀ နာရီအချိန်ထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီ အတွင်းက ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ တနင်္သာရီတိုင်းတွင် ဒေသအလိုက်နှင့် မွန်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **နေ့အပူချိန်များ**မှာ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့တွင် ဖြစ်မြဲထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိ၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်း နှင့် ပဲခူးတိုင်းတို့တွင် ဖြစ်မြဲအောက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး တနင်္သာရီ တိုင်းတွင် ဖြစ်မြဲအောက် ၇ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်ဒေသများ တွင် ဖြစ်မြဲခန့်သာရှိခဲ့သည်။ **ထူးခြားသည့် နေ့အပူချိန်များ**မှာ မြင်ခြံမြို့နှင့် ညောင်ဦးမြို့တို့တွင် ၄၀ဒီဂရီစင်တီဂရိတ်ဖြစ်သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များ**မှာ ရေးမြို့တွင် ၁၅ ဒသမ ၀၄ လက်မ၊ ထားဝယ်မြို့တွင် ၃ ဒသမ ၃၁ လက်မနှင့် မြိတ်မြို့တွင် ၃ ဒသမ ၀၃ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

၂၀၀၆ ခုနှစ် မေလ ၂၃ ရက် ညနေထိ ခန့်မှန်းချက်

ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ရခိုင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး မွန်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်နိုင်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် ၂၈ ဒသမ ၈ ဒီဂရီစင်တီဂရိတ် ၈၃ ဒီဂရီဖာရင်ဟိုက် **၂၁-၅-၂၀၀၆**

အနိမ့်ဆုံးအပူချိန် ၁၉ ဒသမ ၅ ဒီဂရီစင်တီဂရိတ် ၆၇ ဒီဂရီဖာရင်ဟိုက် **၂၂-၅-၂၀၀၆**

၀၉:၃၀နာရီအချိန် စိုထိုင်းဆ ၈၈ ရာခိုင်နှုန်း ၂၂-၅-၂၀၀၆

နေပူသည့်နာရီပေါင်း ၀ ဒသမ ၈ နာရီခန့် ၂၁-၅-၂၀၀၆

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၂၂-၅-၂၀၀၆	၀ဒသမ ၀၄လက်မ	၀ဒသမ ၀၄လက်မ	Tr
၁-၁-၂၀၀၆ရက်မှ ယနေ့အထိ	၁၂ဒသမ ၆၄ လက်မ	၁၄ဒသမ ၁၃လက်မ	၁၄ဒသမ ၄၉လက်မ

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂၁-၅-၂၀၀၆ နေ့ ၁၄:၄၅နာရီအချိန်တွင် အနောက်ဘက်မှ တစ်နာရီ ၁၄ မိုင်နှုန်းတိုက်ခတ်သည်။

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲအတွက် ယာနာဂီဆာဝါ အသင့်ရှိ

တိုကျို မေ ၂၂

မိမိသည် ထိခိုက်ဒဏ်ရာရရှိခဲ့သော်လည်း ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ပါဝင်ကစားရန် ကျန်းမာရေးအရ ညီညွတ်မှုတသည့် အနေအထားတွင်ရှိကြောင်း ဂျပန် တိုက်စစ်မှူး အတ်ဆုရှိ ယာနာဂီဆာဝါ၏ ပြောကြားချက်ကို ကိုးကားလျက် ကျိုဒို သတင်းဌာနက တနင်္လာနေ့တွင် သတင်းထုတ်ပြန်သည်။

ရွေးချယ်

ဆမ်ဒိုးရီးယားနှင့် မက်ဆီနာ ဘောလုံးသမားဟောင်း ယာနာဂီဆာဝါသည် မတ် ၂၅ ရက်က ဂျေ-လိဂ် ဘောလုံးပြိုင်ပွဲတွင် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ သို့ရာတွင် ဂျပန်နည်းပြဆရာ ဇစ်ကိုက ဂျပန်အသင်းတွင် တိုက်စစ်မှူးအင်အား တောင့်တင်းခိုင်မာစေရန် ၎င်းအား တိုက်စစ်မှူးတစ်ဦးအဖြစ် ရွေးချယ်ခဲ့သည်။

ယာနာဂီဆာဝါသည် ဂျပန်အသင်းနှင့်အတူ တိုကျိုမြောက်ဘက် နာရာဟာမြို့ရှိ လေ့ကျင့်ရေးစခန်းတွင် လေ့ကျင့်လျက်ရှိသည်။

အင်တာနက်။

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲဝင်မည့် ဂျပန်အသင်းမှ တိုက်စစ်မှူး ယာနာ ဂီဆာဝါအား သတင်းစာရှင်းလင်းပွဲတွင်တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

စပါးအသင်းမှ မိုက်ကယ်ဒေါ်ဆင် အင်္ဂလန်အသင်းအတွက် ခေါ်ယူထား

ပြီးခဲ့သည့် ဘောလုံးရာသီ ပွဲစဉ်တစ်ခုတွင် ပို့စ်မောက် အသင်းမှ နော်ဝေလူမျိုး တိုက်စစ်မှူး အေဇာကာရာဒက်ဗ် (ဝဲ) ၏ ခြေတွင်ရှိသော ဘောလုံးကို ဖျက်ထုတ်နိုင်ရန် စပါးအသင်းမှ မိုက်ကယ်ဒေါ်ဆင် ကြိုးပမ်းစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

လန်ဒန် မေ ၂၂

ပြီးခဲ့သည့် ဘောလုံးရာသီတွင် တော့တင်ဟမ် ဟော့စပါး အသင်း ပြန်လည် ခြေစွမ်းပြလာခြင်းကြောင့် ယင်းအသင်းမှ မိုက်ကယ်ဒေါ်ဆင်ကို ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲဝင်မည့် အင်္ဂလန်အသင်း၏ အရန်ဘောလုံးသမားအဖြစ် ခေါ်ယူထားကြောင်း မေ ၂၂ ရက် အင်တာနက် သတင်းတွင်ဖော်ပြထားသည်။

အသက် (၂၂)နှစ်အရွယ်ရှိ နောက်တန်းလူ မိုက်ကယ်ဒေါ်ဆင်သည် ခြေထောက်ဒဏ်ရာရရှိသည့် လုဒ်ယန်း၏ နေရာတွင် အစားထိုးဝင်ရောက် ကစားရမည်ဖြစ်သည်။ လုဒ်ယန်းသည် ချဲလ်တန်အသင်းမှ ဖြစ်သည်။

ဒေါ်ဆင်သည် ခံစစ်တွင် လက်ဒလီကင်းနှင့်အတူ အတွဲညီညီ ကစားနိုင်ခဲ့သူအဖြစ် အသိအမှတ်ပြုခံရသည်။ လက်ဒလီကင်းမှာလည်း ထိခိုက် ဒဏ်ရာရရှိထားခြင်းကြောင့် အင်္ဂလန်အသင်းအတွက် လူရွေးချယ်ရာတွင် ချန်လှပ်ခံခဲ့ရသည်။

စပါးအသင်းသည် ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲတွင် ပဉ္စမနေရာကို ရရှိခဲ့သည်။ **အင်တာနက်။**

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

အီတလီအိုးပင်း မာတီနာဟင်းဂစ် ဗိုလ်စွဲ

ရောမ မေ ၂၂

ဆွစ်ဇာလန်နိုင်ငံသူ မာတီနာဟင်းဂစ်သည် တင်းနစ်လောကမှ သုံးနှစ်နီးပါး ပျောက်ကွယ်နေခဲ့ပြီးနောက် အီတလီအိုးပင်း တင်းနစ်ပြိုင်ပွဲဖြစ်သော ရောမ မာစတာ အမျိုးသမီးတင်းနစ်ပြိုင်ပွဲတွင် တနင်္ဂနွေနေ့က အနိုင်ရရှိပြီး ဆုဖလား ဆွတ်ခူးရယူလိုက်သည်။

ရောမမြို့တွင် တနင်္ဂနွေနေ့က ကျင်းပသော အီတလီအိုးပင်း တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် မာတီနာဟင်းဂစ်က ရုရှားနိုင်ငံမှ ဒိုင်နာရာဆာဖီနာကို ၆-၂၊ ၇-၅ ဖြင့် အနိုင်ရရှိသည်။

အီတလီအိုးပင်း တင်းနစ်ပြိုင်ပွဲတွင် ဆွတ်ခူးရရှိသော ဆုဖလားကို နမ်းရှုပ်နေသော မာတီနာဟင်းဂစ်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီတလီအိုးပင်း တင်းနစ်ပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲပြီးနောက် မာတီနာဟင်းဂစ်၏ အောင်ပွဲခံအပြုံး။
(ဓာတ်ပုံ-အင်တာနက်)

မာတီနာဟင်းဂစ်သည် သူမ၏ တင်းနစ်အားကစားသက်တမ်းတွင် (၄၁)ကြိမ်မြောက် အနိုင်ရဗိုလ်စွဲခြင်းဖြစ်သည်။

ဟင်းဂစ်သည် ၂၀၀၂ ခုနှစ်တွင် ခြေထောက် ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းကြောင့် သုံးနှစ်ကြာမျှ အနားယူခဲ့ပြီးနောက် တင်းနစ်လောကသို့ ပြန်လည်ဝင်ရောက်လာခြင်းဖြစ်သည်။

ခုနစ်ပွဲ ကွာတားဖိုင်နယ်တက်

ဟင်းဂစ်သည် ဇန်နဝါရီလတွင် တင်းနစ်လောကသို့ ပြန်လည်ရောက်ရှိလာခဲ့ပြီး တင်းနစ်ပြိုင်ပွဲ ၁၀ ပွဲအနက် ခုနစ်ပွဲတွင် ကွာတားဖိုင်နယ်အဆင့်သို့ ရောက်ရှိခဲ့သည်။

အီတလီအိုးပင်းတွင် အနိုင်ရရှိပြီးနောက် မိမိ၏ ရည်မှန်းချက်မှာ ပြင်သစ်အိုးပင်း တင်းနစ်ဗိုလ်လုပွဲတွင် ပထမဆုံးအကြိမ် အနိုင်ရရှိရေးဖြစ်ကြောင်း၊ ပြင်သစ်အိုးပင်းနှင့် ဝင်ဘယ်လ်ဒန် တင်းနစ်ပြိုင်ပွဲတို့တွင် အနိုင်ရရှိရန် မိမိ များစွာ ကြိုးပမ်းရဦးမည်ဖြစ်ကြောင်း ဟင်းဂစ်က ပြောကြားသည်။ **အင်တာနက်။**

၂၀၀၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ နယ်လှည့်ဖျော်ဖြေရေး အစီအစဉ် ရှင်းလင်း

ရန်ကုန် မေ ၂၂

International Beverages Trading Co., Ltd. က စီစဉ် တင်ဆက်မည့် ဂရင်းရှိုင်ရယ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ကံစမ်းမဲ အစီအစဉ်နှင့် နယ်လှည့်အဖွဲ့ ဖျော်ဖြေရေး အစီအစဉ်နှင့် စပ်လျဉ်း၍ ရှင်းလင်းပွဲ အခမ်းအနားကို မေ ၂၀ ရက် ညနေ ၆ နာရီက ရန်ကုန်မြို့ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပရာ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ I.B.T.C ကုမ္ပဏီမှ တာဝန်ရှိသူများ၊ စာနယ်ဇင်းများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ I.B.T.C & Group of Companies ၏ မန်နေဂျင်း ဒါရိုက်တာ ဦးအောင်မိုးကျော်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။ **(အောက်ပုံ)** ဆက်လက်၍ I.B.T.C ကုမ္ပဏီမှ Brand Manager ဦးထွန်းထွန်းနိုင်က ဂရင်းရှိုင်ရယ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ကံစမ်းမဲ အစီအစဉ်နှင့် နယ်လှည့်အဖွဲ့ ဖျော်ဖြေရေး အစီအစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသော စာနယ်ဇင်းများမှ တာဝန်ရှိသူများက သိလိုသည်များကို မေးမြန်းရာ မန်နေဂျင်းဒါရိုက်တာ ဦးအောင်မိုးကျော်နှင့် I.B.T.C ကုမ္ပဏီမှ အရောင်းနှင့် ဈေးကွက် ဒါရိုက်တာ ဦးမိုးသန်းချစ်တို့က ပြန်လည်ဖြေကြားသည်။

ရင်ခုန်ခံစားနိုင်

ဂရင်းရှိုင်ရယ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ကံစမ်းမဲအစီအစဉ်ကို မေ ၂၀ ရက်မှ ဇွန် ၃၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ မြန်မာ့ဘောလုံး ဝါသနာရှင်များ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကြီးနှင့်အတူ ရင်ခုန်ခံစားနိုင်မည်ဖြစ်သည်။ ဂရင်းရှိုင်ရယ် နယ်လှည့်အဖွဲ့ ဖျော်ဖြေရေး အစီအစဉ်များကို ဇွန် ၁၀ ရက်မှ ၂၃ ရက်အထိ တင်ဆက်မည်ဖြစ်ပြီး ဖြတ်သန်းရာ လမ်းကြောင်းတစ်လျှောက်ရှိမြို့များမှ ဘောလုံးဝါသနာရှင်များ ပါဝင်ဆင်နွှဲနိုင်ကြမည်ဖြစ်သည်။

ဂရင်းရှိုင်ရယ် နယ်လှည့်အဖွဲ့ ဖျော်ဖြေရေးအစီအစဉ်အဖြစ် ပေ ၄၀ အရှည်ရှိ Container ကားပေါ်တွင် ပြသမည့် ထူးခြားသော ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ရုပ်မြင်သံကြား ဖန်တီးတင်ဆက်မှုများ၊ ဟာသအနုပညာရှင်များ၏ တင်ဆက်မှု၊ အနုပညာရှင်များ၏ အက၊ အလှ ဖျော်ဖြေမှုများနှင့် စိတ်လှုပ်ရှားဖွယ်ရာ အားကစားနည်းများ ပါဝင်မည်ဖြစ်သည်။

ဂရင်းရှိုင်ရယ် နယ်လှည့်ဖျော်ဖြေရေးအဖွဲ့သည် ရန်ကုန်မြို့မှ ဇွန် ၁၀ ရက်တွင် စတင်ထွက်ခွာပြီး လှည်းကူး၊ ပဲခူး၊ ညောင်လေးပင်၊ တောင်ငူ၊ ပျဉ်းမနား၊ မိတ္ထီလာ၊ ကျောက်ဆည်၊ မန္တလေး၊ မြစ်သား၊ မြင်းခြံ၊ ပုဂံ၊ ရေနံချောင်း၊ မကွေး၊ တောင်တွင်းကြီး၊ အောင်လံ၊ ပြည်၊ ပေါင်းတည်၊ သာယာဝတီနှင့် တိုက်ကြီးမြို့များ၌ နေ့ ည ရပ်နားပြီး ရန်ကုန်မြို့သို့ ဇွန် ၂၃ ရက်တွင် ပြန်လည်ရောက်ရှိမည်ဖြစ်သည်။ (ကြေးမုံ)

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲ စတင်ကျင်းပ

ရန်ကုန် မေ ၂၂

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ စတင်ကျင်းပရာ မြန်မာနိုင်ငံ တင်းနစ် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ အထွေထွေအတွင်းရေးမှူး ဦးလေးနိုင်နှင့် အမှုဆောင်များ တက်ရောက် ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲတွင် အသင်းလိုက်ပြိုင်ပွဲ၌ ၁၂ သင်း၊ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၌ ၁၆ ဦး၊ နှစ်ယောက်တွဲ ပြိုင်ပွဲ၌ ရှစ်တွဲ၊ အမျိုးသား အသက် (၁၀)နှစ်အောက် တစ်ဦးချင်းပြိုင်ပွဲ၌ ရှစ်ဦး၊ အသက် (၁၂) နှစ်အောက် တစ်ဦးချင်းပြိုင်ပွဲ၌ ၁၆ ဦး၊ အမျိုးသား အသက် (၁၄)နှစ်အောက် တစ်ဦးချင်းပြိုင်ပွဲ၌ ၃၂ ဦး၊ အမျိုးသမီး အသက် (၁၄) နှစ်အောက် အုပ်စု (၁) ပတ်လည်ပြိုင်ပွဲ၌ လေးဦး၊ အုပ်စု (၂) ပတ်လည်ပြိုင်ပွဲ၌ ငါးဦး ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ယနေ့ ပွဲဦးထွက်နေ့တွင် အသင်းလိုက်ပြိုင်ပွဲ လေးပွဲ၊ တစ်ဦးချင်းပြိုင်ပွဲ ၁၀ ပွဲတို့ ကျင်းပပြီးစီးသွားသည်။

မေ ၂၃ ရက် နံနက် ၈ နာရီတွင် ပြိုင်ပွဲကို ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ယနေ့ မိုးလေဝသ (၂၃-၅-၂၀၀၆)

နေပြည်တော်	ရန်ကုန်	မန္တလေး
နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။	**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး ခေတ္တမျှ သည်းထန်နိုင်သည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။**	**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။**

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲဝင်အသင်းများ၏ ပုံရိပ်လွှာ

တောင်အမေရိက ကစားဟန် ရောယှက်နေသည့် ဂျပန်

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အကြို

၂၀၀၆ ကမ္ဘာ့ဖလား ခြေစစ်ပွဲကာလ တစ်လျှောက်တွင် ဂျပန်အသင်း၏ ကစားပုံခြေရည်ခြေသွေးသည် မတည်မငြိမ်ဖြင့် အတက်အကျ ဖြစ်နေခဲ့သည်။ ကမ္ဘာ့ဖလားခြေစစ်ပွဲ အောင်တော့မှပင် ဂျပန်ပြည်သူများ သက်ပြင်းချနိုင်တော့သည်။ အာရှပရိသတ်ကလည်း အာရှချန်ပီယံအသင်းအဖြစ် ထိုစဉ်ကျမှပင် လက်ခံလိုက်ကြသည်။

၂၀၀၄ ခုနှစ်တွင် ဂျပန်အသင်းသည် ပထမအဆင့် ခြေစစ်ပွဲများကို ကစားခဲ့ရာ အုပ်စုပထမရခဲ့သည်။ ဒုတိယအဆင့် ခြေစစ်ပွဲတွင် ဂျပန်သည် အီရန်၊ ဘာရိန်း၊ မြောက်ကိုရီးယားတို့နှင့် တစ်အုပ်စုတည်းကျသည်။

၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလထဲတွင် ခြေစစ်ပွဲအဖြစ် မြောက်ကိုရီးယားနှင့် ကစားရသည့် ပွဲဦးထွက်ပွဲတွင် ဂျပန်အသင်း ခြေမပေါ်ဘဲ ဖြစ်ခဲ့သည်။ ကစားချိန်စေ့ပြီး လေလွင့်ထပ်ဆောင်းပေးသည့်အချိန်ကျမှ အနိုင်ဂိုးသွင်းနိုင်တော့သည်။ ဒုတိယပွဲစဉ်အဖြစ် အီရန်နှင့် ကစားရသည်။ ၂-၁ ဖြင့် ရှုံးသည်။ တတိယပွဲစဉ်တွင် ဘာရိန်းနှင့်ကစားရသည်။ ဂျပန် တစ်ဂိုး-ဂိုးမရှိ ဖြင့် နိုင်သည်။ နိုင်သောဂိုးမှာ ဘာရိန်းက ကိုယ့်ဂိုးကိုယ်သွင်းသောကြောင့် ဖြစ်သည်။

ဇွန် ၈ ရက်တွင် မြောက်ကိုရီးယားနှင့် ဒုတိယအကျော့အဖြစ် ထိုင်းနိုင်ငံမှာ ကစားရသည်။ ၂-၀ ဖြင့်နိုင်သည်။ ခြေစစ်ပွဲအောင်ရန် သေချာသလောက်ရှိသွားသည်။ အိမ်ကွင်း၌ အီရန်နှင့် နောက်ဆုံးပွဲစဉ်ကို ကစားရသည်။ ၂-၁ ဖြင့် နိုင်သည်။ ၁၅ မှတ်ဖြင့် အုပ်စုပထမရသည်။

၂၀၀၆ ခုနှစ် ဂျာမနီကမ္ဘာ့ဖလားပြိုင်ပွဲသည် ဂျပန်အသင်းအတွက် တတိယအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်သည်။ ၁၉၉၃ ခုနှစ် ဂျေ-လိဂ်ပြိုင်ပွဲများ စတင်ကျင်းပချိန်ကတည်းက ဂျပန်လက်ရွေးစင် အသင်းသည် တဖြည်းဖြည်း တိုးတက်လာခဲ့သည်။ ၂၀၀၀၊ ၂၀၀၄ ခုနှစ်များတွင် အာရှချန်ပီယံဆုကို နှစ်ကြိမ် ဆက်တိုက်ရသည်။

၁၉၉၄ ခုနှစ် အမေရိကန်ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ဒိုဟာတွင် အီရန်နှင့် ခြေစစ်ပွဲကစားရသည်။ ပွဲပြီးခါနီးတွင် အီရန်က ချေပဂိုးသွင်းယူလိုက်သောကြောင့် ခြေစစ်ပွဲမအောင်ဘဲ ဖြစ်ရသည်။ ၁၉၉၈ ခုနှစ် ပြင်သစ်ကမ္ဘာ့ဖလားပြိုင်ပွဲကျမှပင် ဂျပန်အသင်းသည် ပထမဆုံးအကြိမ် ခြေစစ်ပွဲအောင်သည်။ အုပ်စု(ဇ)တွင် အာဂျင်တီးနား၊ ခရိုအေးရှား၊ ဂျမေကာတို့နှင့် တစ်အုပ်စုတည်းကျသည်။ ပွဲဦးထွက်တွင် အာဂျင်တီးနားကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးသည်။ ခရိုအေးရှားကိုလည်း တစ်ဂိုး-ဂိုးမရှိဖြင့် ထပ်မံရှုံးသည်။ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ဂျမေကာနှင့် ကစားရာ ၂-၁ ဖြင့်ရှုံးပြီး အိမ်ပြန်ခဲ့ရသည်။

ဂျပန် လက်ရွေးစင်ဘောလုံးအသင်းကို တွေ့ရစဉ်။

ဂျပန်ဘောလုံးအသင်း နည်းပြ ဘရာဇီးလူမျိုး ဇစ်ကို။

အိမ်ရှင်အဖြစ် လက်ခံကျင်းပသော ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဂျပန်အသင်းသည် ဒုတိယရှုံးထွက်အဆင့်သို့ပင် ရောက်ခဲ့သည်။ ပထမ အုပ်စုပတ်လည်တွင် ဂျပန်သည် ဘယ်လ်ဂျီယံ၊ ရုရှား၊ တူနီရှားတို့နှင့် ကစားရသည်။ ပွဲဦးထွက် ဘယ်လ်ဂျီယံနှင့်ပွဲတွင် ၂-၂ သရေကျသည်။ ရုရှားကို တစ်ဂိုး၊ ဂိုးမရှိဖြင့် နိုင်သည်။ နောက်ဆုံးပွဲတွင် တူနီးရှားကို ၂-၀ ဖြင့်နိုင်သည်။ အုပ်စုပထမဖြင့် ဒုတိယ ရှုံးထွက်အဆင့်သို့ တက်သည်။ တူရကီကို ၁-၀ ဖြင့် ရှုံးပြီးထွက်ရသည်။

၂၀၀၂ ခုနှစ်တွင် နည်းပြဆရာ ထရေးဆီဂေးနေရာကို ဇစ်ကိုဖြင့် အစားထိုးလိုက်သည်။ ဇစ်ကိုအသင်းကို ကိုင်ရစဉ်က ဂျပန်အသင်းမှာအင်အားချည့်နဲ့နေသည်။ ၂၀၀၄ ခုနှစ် အေအက်ဖ်စီ အာရှဖလားပြိုင်ပွဲတွင် အိမ်ရှင်တရုတ်အသင်းကို ၃-၁ ဖြင့် နိုင်ခဲ့သည်။ သို့သော် နောက်ပိုင်း ဂျပန်အသင်း ကစားပုံများ မကောင်းခဲ့သောကြောင့် ဘရာဇီးနည်းပြဆရာ ဇစ်ကိုအား အကြီးအကျယ် ဝေဖန်ခဲ့ကြသည်။

ဂမ်ဆိုင်း

၂၀၀၅ ခုနှစ် ဖီဖာ၏ ကွန်ဖက်ဒရေးရှင်းဖလားတွင် ခြေစွမ်းပြနိုင်ခြင်းနှင့် ကမ္ဘာ့ဖလား ခြေစစ်ပွဲအောင်ခဲ့ခြင်းတို့ကြောင့် ဂျပန်အသင်း ယုံကြည်မှုများ ပြန်လည်တည်ဆောက်နိုင်ခဲ့သည်။ ဂျပန်အသင်း၏ အလယ်တန်းမှာ အာရှတိုက်တွင် အကောင်းဆုံးဟု ပြော၍ရသည်။ ပြိုင်ဘက်အသင်းများ လေးစားလောက်သည့် အနေအထားတွင်ရှိသည်။

ထွက်ခွာသွားရ

ဥရောပတွင် အခြေစိုက်ကစားနေကြသော နာကာတာ၊ နာကာမူယာနှင့် ရှင်ဂျီအိုနိုတို့ ကစားမည်ဖြစ်သည်။ အလွတ်တည်ကန်ဘော၊ တစ်ဆင့်ကန်ဘောနှင့် ထောင့်ကန်ဘောများ ကန်ရာတွင် ကောင်းသော အိုဂါဆာဝါရာလည်း ရှိသေးသည်။ အာရှအကောင်းဆုံးဆု နှစ်ကြိမ်ရထားဖူးသော နာကာတာက အကောင်းဆုံး ခြေစွမ်းပြကစားဖွယ်ရှိသည်။ သို့သော် အသင်းကို ကြိုးကိုင်ကစားမည့် ကစားသမား ဟုတ်၊ မဟုတ်ဆိုသည်မှာ စဉ်းစားစရာဖြစ်နေသည်။ လောလောဆယ် နာကာတာမှာ ပရီမီယာလိဂ် ဘောလ်တန်အသင်းမှ ခြေစွမ်းမပြနိုင်၍ ထွက်ခွာသွားရသည်။

ရှေ့တန်းသည် အလယ်တန်းနှင့် နှိုင်းယှဉ်လျှင် အနည်းငယ် အားနည်းသည်။ ၂၀၀၅ ခုနှစ်မှ ပေါ်ထွက်လာသော တိုက်စစ်မှူးကလေး အိုဂူရိသည် အသင်းအတွက် အားကိုးရသူဖြစ်သည်။ ဖီဖာကွန်ဖက်ဒရေးရှင်းဖလားတွင် ခြေစွမ်းပြခဲ့ပြီး ကမ္ဘာ့ဖလား ခြေစစ်ပွဲတွင် အဆုံးအဖြတ် ဂိုးများ သွင်းပေးနိုင်ခဲ့သည်။

မည်သို့ပင်ဖြစ်စေ ဂျပန်အသင်းသည် အုပ်စုမှ ကျွတ်ထွက်သွားရန်အတွက် ခရိုအေးရှားနှင့် ဩစတြေးလျတို့ကို အကြိတ်အနယ် ခြေကုန်ကစားရမည်။ တောင်အမေရိက ကစားဟန်များ ရောယှက်နေသော ဂျပန်အသင်းသည် ဒုတိယရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်သည့် အခွင့်အလမ်းများရှိနေသည်ဟု သုံးသပ်မိပါသည်။ ။

တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် မေ ၂၂

ဦးသန်းဟန်သည် ကစားဖော်များဖြစ်ကြသော ဦးရန်နိုင်၊ ဦးတောက်၊ ဦးမျိုးဝင်းထွန်း၊ ဦးစိုးသန်းထွန်းတို့နှင့်အတူ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ဂေါက်ကွင်း ငွေသော်တာကွင်း၌ မေ ၁၆ ရက် ညနေ ၄ နာရီ ၄၅ မိနစ်တွင် ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ် (၁၆) ၌ ၁၃၅ ကိုက်အကွာမှ Srixon No. 4 ဘောလုံးကို Casco No. 9 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။ (သတင်းစဉ်)

မီးသုံးစွဲလျှင် အသိယှဉ်
ဆင်ခြင်သတိ အမြဲရှိ

ဓမ္မဗိမာန်တော်ကြီးတည်ဆောက်ရေး လှူဒါန်းနိုင်

ရန်ကုန် မေ ၂၂

ရန်ကုန်တိုင်း တိုက်ကြီးမြို့ သဒ္ဓမ္မဇောတိကာရုံ စာသင်တိုက်အတွင်း၌ သာသနာသုံးရပ်အတွက် အသုံးပြုရန်လည်းကောင်း၊ ကျောင်းတိုက်တည် ထောင်သော နှစ် (၅၀)ပြည့် ရွှေရတုအကြို အထိမ်းအမှတ်အဖြစ် လည်းကောင်း အလျားပေ ၁၀၀၊ အနံပေ ၇၀ရှိ နှစ်ထပ်ဓမ္မဗိမာန်တော်ကြီးကို ပါရမီရှင် ၁၀၀ ကျော်တို့က ပထမအကြိမ်လှူဒါန်းငွေ ကျပ် သိန်း ၄၀၀ ကျော်ဖြင့် ၁၃၆၇ ခုနှစ် တပေါင်းလကွယ်နေ့တွင် ဓမ္မဗိမာန်တော် အုပ်မြစ်စီမင်္ဂလာ ပြုလုပ်ခဲ့သည်။ ၁၃၆၈ ခုနှစ် ကဆုန်လပြည့်ကျော် ၉ ရက်တွင် သံတိုင်များ အောင်မြင်စွာ စိုက်ထူပြီး ဆက်လက်တည်ဆောက်လျက်ရှိရာ ပါရမီရှင်များ ဝမ်းမြောက်နှမော် သာဓုခေါ်နိုင်ရန်နှင့် ဓမ္မဗိမာန်တော်ကြီးအတွက် ပါဝင်လှူဒါန်းလိုပါက ရန်ကုန်မြို့ ရွှေဘုံသာလမ်းရှိ ဦးတင်အောင်-ဒေါ်ကျင်ပု (စံပြရွှေဆိုင်) ဖုန်း-၂၅၀၃၄၄ နှင့် ၂၂၁၄၇၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၆)ရပ်ကွက် အင်းဝ (၁၀)လမ်းနေ ဒေါ်သောင်းတင် (၈၆)နှစ်ပြည့် မွေးနေ့အလှူအဖြစ် ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေ ကျပ်နှစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ-နီ (ပင်မ)ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလွံစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း ပြုပြင်တည်ဆောက်မှုလုပ်ငန်းများအတွက် မေ ၁၆ ရက်က မိဘများအား အမှူးထား၍ မော်လမြိုင် ဒိုင်းဝန်ကွင်း ဝတ်ကြီးလမ်းနေ ဦးသန်းလှိုင်-ဒေါ်နီနီသန်း မိသားစုက ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း လက်ခံရယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (၂၅၇)

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်း အမှတ်(၁၅)ရှိ တိပိဋက ဓမ္မရက္ခိတ ဗိမာန်တော်ကြီးတွင် ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ငမိုးရိပ်ရပ်ကွက် (၅)လမ်းနေ ဦးမောင်မောင်၊ ဇနီး ဒေါ်စန္ဒာလှိုင် မိသားစုက မူလသစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ် တရားရိပ်သာ ဆောက်လုပ်ရန်အတွက် အလှူငွေကျပ် တစ်သိန်းကို ဥက္ကဋ္ဌ ဦးမြသောင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း အဏုဇီဝစိမ်းပြာရေညှိဆေးဝါးလုပ်ငန်းစက်ရုံ (ရေခါးစခန်း)ရှိ ရေညှိဆပွားကန်များကို ကြည့်ရှုစစ်ဆေးစဉ်။ (စက်မှု–၁)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဝန်ကြီးဦးအောင်သောင်း စစ်ကိုင်းတိုင်းနှင့်မန္တလေးတိုင်းရှိ စက်ရုံများစစ်ဆေး

ရည်မှန်းချက်ပြည့်မီကျော်လွန်အောင် ဆောင်ရွက်ကြရန်မှာကြား

ရန်ကုန် မေ ၂၂

အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းသည် တာဝန်ရှိသူများလိုက်ပါလျက် မေ ၂၀ ရက် မွန်းလွဲ ၂နာရီတွင် စစ်ကိုင်းတိုင်း ရွာသစ်ကြီးရှိ မြန်မာ့အထည်အလိပ်လုပ်ငန်း စစ်ကိုင်းချည်မျှင်နှင့်အထည်စက်ရုံသို့ရောက်ရှိပြီး ချည်မျှင်ဌာန၏အရန်ပစ္စည်းများ၊ ဝါလိပ်စက်များ၏ ထုတ်လုပ်မှုလုပ်ငန်းများ၊ ဗိုင်းထောင့်စက်များ၏ လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် အပင်ပေါင်းစက်၊ ဒညင်းလုံးစက်၊ ချည်ငင်စက်နှင့် အသုံးပြုသောစက်အပိုပစ္စည်းများ၊ ချည်ကတော့စက်၊ ရက်ကန်းစင်များ၏ ထုတ်လုပ်မှုလုပ်ငန်းများ၊ ခြင်ထောင်ဇာရက်လုပ်ခြင်းလုပ်ငန်းများ၊ ပေါ်ပလင်ရက်လုပ်ခြင်းလုပ်ငန်းများနှင့် ချည်မျှင်ဌာန၊ ရက်ကန်းဌာနများ၏ စက်အရန်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် စက်ရုံရှင်းလင်းဆောင်၌ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ရည်မှန်းချက် တာဝန်များပြည့်မီကျော်လွန်အောင် ဆောင်ရွက်သွားရေးမှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် မြန်မာ့အထည်အလိပ်လုပ်ငန်း စစ်ကိုင်းအထည်ချုပ်စက်ရုံသို့ရောက်ရှိပြီး ဝိနည်းတော်နှင့် အညီ ချုပ်လုပ်သော သင်္ကန်းချုပ်လုပ်ခြင်းလုပ်ငန်းများ၊ ဇာခြင်ထောင်ချုပ်လုပ်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ➪

အာရှဘီလီယက် တစ်ဦးချင်းပြိုင်ပွဲ မြန်မာနိုင်ငံမှ အောင်ဆန်းဦး ဗိုလ်စွဲ

သတင်းအကျယ် စာမျက်နှာ–၉

မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား အမျိုးသားတံခွန်စိုက် စက်ဘီးပြိုင်ပွဲကျင်းပ

ရန်ကုန် မေ ၂၂

၂၀၀၆ ခုနှစ် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား (၅၂)ကြိမ်မြောက် အမျိုးသားတံခွန်စိုက် အမျိုးသား၊ အမျိုးသမီး စက်ဘီးပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီမှစ၍ လှုငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ရှိ အဖွဲ့ချုပ်လေ့ကျင့်ရေးကွင်းတွင် ကျင်းပရာ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသက်ဝင်းနှင့် အမှုဆောင်များ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊

စာမျက်နှာ ၁၀ ကော်လံ ၆ သို့ ❍

အမျိုးသမီး မီတာ(၁၆၀၀) အုပ်စု တစ်ဦးချင်း လူရွေးပွဲ ယှဉ်ပြိုင်စဉ်။
ဓာတ်ပုံ–စိုးညွန့် (ကြေးမုံ)

"အိပ်မက်လို့ ထင်ခဲ့တာ အခုတော့ တကယ်ဖြစ်သွားပါပြီ။ အိပ်ရာကလန့်နိုးတိုင်း "သွေး" ဇာတ်ကား မပြီးသေးဘူး ထင်ပြီး စိုးရိမ်ခဲ့တယ်။ အပြင်မှာက အမှန်တကယ် ပြီးသွားခဲ့ပြီ။ ဒီကားကိုကိုယ်ကိုယ်တိုင်အကြိမ် ၂၀ထက်မက မကြာခဏပြန်ကြည့်မိတယ်။ ကြည့်တိုင်းလည်း မဝပါဘူးဗျာ"

မြန်မာ–ဂျပန် ချစ်ကြည်ရေး ဇာတ်ကားကြီး "သွေး"၏ ဖန်တီးရှင် ဒါရိုက်တာ မစ္စတာကိုဂျီချီနို အား တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာ–ဂျပန် ချစ်ကြည်ရေး "သွေး" ဇာတ်ကားကြီး ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ အထူးပွဲများပြမည်

ရန်ကုန် မေ ၂၂

ဆယ်စုနှစ် တစ်စုကျော်မျှ အချိန်ယူရိုက်ကူးခဲ့ရသော မြန်မာ–ဂျပန်ချစ်ကြည်ရေး ဇာတ်ကားကြီး"သွေး"၏ ဖန်တီးရှင် ဒါရိုက်တာ မစ္စတာ ကိုဂျီချီနို (Mr. Koji Chino) သည် သူ၏ရုပ်ရှင်ဇာတ်ကားကြီးကို မြန်မာနိုင်ငံ၌အထူးပွဲများပြသရန်အတွက် မေ ၂၁ ရက်တွင် ရန်ကုန်မြို့သို့ရောက်ရှိလာခဲ့သည်။

ဂျပန်ဒါရိုက်တာ မစ္စတာကိုဂျီချီနိုသည် "သွေး"ရုပ်ရှင်ဇာတ်ကားကြီးကို ရန်ကုန်မြို့၌ မေ ၂၃ရက်နှင့် ၂၄ရက်တို့တွင်လည်းကောင်း၊ မန္တလေးမြို့၌ မေ ၃၀ရက်နှင့် ၃၁ ရက်တို့တွင်လည်းကောင်း အထူးပွဲများ ပြသရာသို့ လိုက်ပါသွားမည်ဖြစ်ကြောင်း သိရှိရသည်။

"အိပ်မက်လို့ထင်ခဲ့တာ အခုတော့ တကယ်ဖြစ်သွားပါပြီ။ အိပ်ရာက လန့်နိုးတိုင်း "သွေး"ဇာတ်ကား မပြီးသေးဘူးထင်ပြီး စိုးရိမ်ခဲ့တယ်။ အပြင်မှာက အမှန်တကယ် ပြီးသွားခဲ့ပြီ။ ဒီကားကို ကိုယ်ကိုယ်တိုင်အကြိမ် ၂၀ထက်မက မကြာခဏပြန်ကြည့်မိတယ်။ ကြည့်တိုင်းလည်း မဝပါဘူးဗျာ"ဟု ဒါရိုက်တာက ကြည်နူးမျက်ရည်ဝဲကာ ပြောပြသည်။

၁၉၉၇ ခုနှစ် နိုဝင်ဘာ ၁၉ ရက်တွင် မြန်မာနိုင်ငံ၌ စတင်ရိုက်ကူးခဲ့သော အဆိုပါဇာတ်ကားကြီးကို ငွေကြေးအခက်အခဲကြောင့် ၁၉၉၈ ခုနှစ် ဖေဖော်ဝါရီ ၂၈ရက်တွင် ခေတ္တရပ်နားခဲ့ရသည်။ ဂျပန်နိုင်ငံ၌ အာရှစီးပွားရေး အကျပ်အတည်း ရိုက်ခတ်မှုဂယက်ကြောင့် ငွေကြေးစိုက်ထုတ်ကြသူများ ဆက်လက်မစိုက်ထုတ်နိုင်ခဲ့ခြင်းကြောင့်ဖြစ်သည်။

စာမျက်နှာ ၁၀ ကော်လံ ၅ သို့ ❒